မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနှစ်ရှိသောသူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကိုရကြကုန်၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၃၂)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့


## ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေးနှင့်ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေးရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော်　မေ　၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကိစ္စများ၊အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

## မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ

စာ - ၁၂ သို့

**ဆောင်းပါး**

ရွှေဘိုပေါ်ဆန်းအရည်အသွေး ထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းစေရမည်

စာ - ၁၃ သို့

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

စာ - ၈ သို့

## မြေပဒေသာဥယျာဉ်ခြံ၌ မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ကျင်းပ

စာ - ၁၂ သို့

## နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံ၏ခရီးသွားဒေသများပိုမိုသိရှိလည်ပတ်နိုင်စေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကျင်းပမည်

စာ - ၁၀ သို့

## ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ ချူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ

စာ - ၁၁ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၂၀ ရက်)

# ထူးခြား၍လှပချစ်စဖွယ်ကောင်းသော ပြင်ဦးလွင်မြို့

ပြင်ဦးလွင်မြို့သည် ထူးခြား၍လှပချစ်စဖွယ်ကောင်းသောမြို့ဖြစ်သည်။ ပြင်ဦးလွင်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်သူများအနေဖြင့်လည်းဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်မှုများရှိစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုသည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် ယခင်ကပြင်ဦးလွင်မြို့သို့လာရောက်ခဲ့သည့် ခရီးစဉ်များအတွင်း မြို့တွင်းလမ်းများစနစ်တကျရှိရန်လိုအပ်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့်ရပ်ကွက်ကြီး(၈)နှင့် (၁၀) အတွင်းရှိ အဓိကကျသည့်လမ်းငါးလမ်းအားအဆင့်မြှင့်တင်ရေးဆောင်ရွက်ခဲ့ပြီး မေလ ၁၆ ရက်တွင် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ပြင်ဦးလွင်မြို့သည်ပန်းမျိုးစုံနှင့်ရာသီသီးနှံများစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်သကဲ့သို့ ချယ်ရီပင်များစိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်သည်။ ထို့ကြောင့်ပြင်ဦးလွင်မြို့ကိုချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ်တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ပန်းမြို့တော်အဖြစ် ဆောင်ရွက်ရာတွင် ဒေသမျိုးရင်းပန်းမျိုးများကိုပိုမိုဖြစ်ထွန်းအောင်စိုက်ပျိုးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အလားတူမက်မန်းစိုက်ပျိုးမှုများကိုလည်း ယခင်ကတည်းကဆောင်ရွက်ခဲ့ကြပြီး ပြင်ဦးလွင်မြို့၏ထုတ်ကုန်တစ်ခုအနေဖြင့်ရှိခဲ့သည်။ မက်မန်းပင်များကိုယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယား အပါအဝင်အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ ပိုးစာပင်များလည်း စိုက်ပျိုးဖြစ်ထွန်းကာ ပိုးစာပင်ကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်သဖြင့် ရေရှည်အတွက်ကြည့်၍ ပြင်ဦးလွင်ဒေသ၏ ထုတ်ကုန်တစ်ခုအဖြစ်ဆောင်ရွက်သွားနိုင်သည်။

ပြင်ဦးလွင်ဒေသအနေဖြင့် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါကများစွာဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်သည်။ ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသည့် ရာသီဥတုအေးချမ်းသာယာပြီး နေထိုင်ရန်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့်ပြင်ဦးလွင်မြို့အားကျန်းမာရေးမြို့တော်အဖြစ်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်အကြီးအကဲက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြင်ဦးလွင်မြို့သည်ခရီးသွားမြို့ဖြစ်သည်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုများ ပိုမိုကောင်းမွန်လာမည်ဆိုပါက ပြည်တွင်း၊ ပြည်ပခရီးသွားများပိုမိုများပြားစွာလာရောက်ကြမည်ဖြစ်ပြီး ခရီးသွားလာလည်ပတ်ရန်ကောင်းမွန်သည့်မြို့အဖြစ် ပြင်ဦးလွင်၏ဂုဏ်ဒြပ်သည်ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေလ ၁၆ ရက်က ပြင်ဦးလွင်မြို့ရှိမြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **“MSME လုပ်ငန်းများနှင့်ပတ်သက်၍ ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များရှိမှသာ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည်ပင် SME လုပ်ငန်းကိုအခြေခံ၍ စီးပွားရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဆက်လက်၍လည်းဆောင်ရွက်နေကြဆဲဖြစ်ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့်ကုန်ကြမ်းကိုအသုံးပြု၍ စားသောက်ကုန်လုပ်ငန်းများဆောင်ရွက်ရန်လိုသကဲ့သို့ ပြည်တွင်းလိုအပ်လျက်ရှိသည့် လူသုံးကုန်ပစ္စည်းများကိုလည်းထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်ပြီးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားငွေများတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အနေဖြင့်အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့များသည်နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက်ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင်တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ဖွံ့ဖြိုးတိုးတက်စေရေးဒေသခံများနှင့်ဒေသတွင်တာဝန်ထမ်းဆောင်နေသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်”** ထည့်သွင်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့သို့လာရောက်သည့်ခရီးသွားများလာချင်စဖွယ်ဖြစ်စေရေးအတွက် ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်များနှင့် ဒေသထွက်သီးနှံများကိုထိုက်သင့်သည့်ဈေးနှုန်းများဖြင့်ရောင်းချပြီး ခရီးသွားများကိုကောင်းမွန်သည့်ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းများဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကိုမြှင့်တင်ရမည်ဖြစ်သည်။ မိမိတို့နေထိုင်သောမြို့သည် သာယာလှပသန့်ရှင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်နေကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် သာယာလှပ၍နေချင်စဖွယ်ကောင်းလှသည့်ပြင်ဦးလွင်ဒေသပိုမိုလှပဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မြဝတီမြို့၌ သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

မြဝတီ မေ ၁၉

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘောလုံးကွင်း၌ သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (လူ၊ ပစ္စည်း၊ ယန္တရား)စုဖွဲ့မှုနှင့် သဘာဝဘေးဇာတ်တိုက်လေ့ကျင့်မှုများကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းစံလင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးဦးညဏ်မြင့်က သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (လူ၊ ပစ္စည်း၊ ယန္တရား)စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေး စုရပ်များအားလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော မြစ်ရေကြီးနိုင်မှုအခြေအနေအား သောင်ရင်းမြစ်အတွင်း စက်လှေဖြင့်သတိပေးချက်ထုတ်ပြန်ကြေညာခြင်းကိုလည်းကောင်း ကြည့်ရှုကြပြီး မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့နှင့် မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့တို့က သောင်ရင်းမြစ်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရေနစ်မြုပ်သူနှင့် ဒဏ်ရာရရှိသောလူနာများ၊ အရေးပေါ်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် လူနာတင်ယာဉ်ဖြင့် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခြင်းစသည့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

**ပညာရေးဝန်ကြီးဌာန**

**“၂၀၂၆-၂၀၂၇ ပညာသင်နှစ်”**

**ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ**

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

**ပညာရေးဝန်ကြီးဌာန**

**“၂၀၂၆-၂၀၂၇ ပညာသင်နှစ်”**

**မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်**

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

**ပညာရေးဝန်ကြီးဌာန**

**“၂၀၂၆-၂၀၂၇ ပညာသင်နှစ်”**

**အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ**

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ကောဒသမတန်း (Grade 11)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁) ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

# ကမ္မဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

မောင်ညိမ်းအောင်အား ကျွန်ုပ် လှမ်း၍ ကြည့်မိ၏။ မောင်ညိမ်းအောင်ကား အလွန်တရာ ရှုံ့ရှာစက်ဆုပ်သောမျက်နှာထားဖြင့် ကျွန်ုပ်အားနှုတ်ခမ်းကို တွန့်ရွဲ့ကာကြည့်နေပြီးလျှင် သူနှင့်နီးစပ်ရာ ကြိမ်ကုလားထိုင်တစ်လုံး၏နောက်မှီကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်ထား၏။ သို့နေရာက ကျွန်ုပ်နှင့် မျက်စိချင်းအဆုံမိတွင် မောင်ညိမ်းအောင်က လည်ပင်းကိုင့်၍ အိမ်တံခါးပေါက်ဆီသို့ ခေါင်းတစ်ချက်ဆတ်၍ပြ၏။

ကျွန်ုပ်မှာကား သတိပြန်၍လည်လာသည့်တိုင်အောင် ဦးခေါင်းထဲတွင် သွေးများ ဝီခေါ်အောင် တာပတ်ရိုက်နေကြသောကြောင့် ယောင်ကန်းကန်းကြီးပင် ရှိနေဆဲဖြစ်သဖြင့် 'ဗျာ' ဟု ယောင်တိယောင်ကန်းဆိုလိုက်မိ၏။ ကျွန်တော်၏ပါးစပ်မှ စကားလေးထွက်လာခြင်းသည်ပင် မောင်ညိမ်းအောင်အား သေနတ်ကျည်ဆန်ထိမှန်လိုက်သလို လှုပ်လှုပ်ရှားရှားဖြစ်လာစေလျက် ...

"ဘာရမလဲကွ မင်းကို အိမ်ပေါ်က အဆင်းခိုင်းတာပေ့ါ" ဟု ဒေါသတွေမိုးအုံ့နေသောအသံဖြင့် မိုးချုန်းသလိုပြောပါသည်။

ဤအခြေအနေမှာကား ကျွန်ုပ်အဖို့၌ ဝင်းထရံပေါ်တွင် ထိုင်၍နေရသောအခြေမျိုးဖြစ်၏။ ဟိုဘက်သို့လည်း ခုန်၍ချနိုင်၏။ သည်ဘက်သို့လည်း ခုန်၍ချနိုင်၏။ ဦးလေးဦးဒေါနနှင့် မောင်ညိမ်းအောင်တို့၏ ရှုံ့ရှာစက်ဆုပ် အဖက်မလုပ်ခြင်းကို အသာလေးခေါင်းလျှို၍ခံကာ ထွက်၍လည်းလာခဲ့နိုင်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်စေရန် ဇွတ် ခြေသလုံးကိုဖက်၍ အသနားခံတန်လျှင်လည်း ခံနိုင်၏။ အဘိုး၏အိမ်ထက်သို့ ကျွန်ုပ် တက်မိ၍ကား နေပေပြီ။ အိမ်ထက်မှ ဒီတစ်ခါဆင်းခဲ့လျှင်ကား နောင်တစ်ခါတွင် ယခုထက်ပြန်၍ အတက်ခက်တော့မည်ကို ကျွန်ုပ်တွေးမိ၏။ ထို့ကြောင့်ပင် မောင်ညိမ်းအောင်အား အသနားခံသောလေသံ၊ တောင်းပန်သောမျက်နှာထားဖြင့်

"စဉ်းစားပါဦး ကိုညိမ်းရယ်၊ ဘိုးဘိုး မမာဘူးဆိုတာကိုကြားလို့ ကျွန်တော့်မှာ လမ်းစရိတ်လေးတောင် မနည်းကြီး စုဆောင်းရှာဖွေပြီး လာခဲ့ရပါတယ်ဗျ"ဟု စကားအစချီကာရှိသေး မောင်ညိမ်းအောင်မှာ ကျွန်ုပ်၏လေသံကိုမျှ နားမခံနိုင်အောင်ရှိသည့်အလား အသားဆတ်ဆတ်တုန်မျှ ဒေါထသောအမူအရာဖြင့်

"ပေါ့ကောင် သောက်စကားရှည်မနေနဲ့၊ မင်းကို ဘယ်သူက အလာခိုင်းလို့လဲ။ မင်းဘာသာမင်းလာတာကို ငါတို့ကပဲ စရိတ်ထောက်ရဦးမယ့်ပုံပေါ်နေပြီ၊ ဟန်လှသကွ ပြောပုံက ထွီ" ဟု ဆိုလိုက်၏။ ကျွန်ုပ်မှာ ကျွန်ုပ်၏စကားမဆုံးမီ ဝင်၍ ဖြတ်ပြောလိုက်သော မောင်ညိမ်းအောင်၏ နင့်သီးလှသောစကားကြောင့် ရင်ထဲ၌ အသည်းနှလုံးများကို အက်စစ်ဖြင့်ပက်လိုက်သကဲ့သို့ ဖြစ်သွားရ၏။ သို့သော် အကျိုးအကြောင်းကို လိပ်ပတ်လည်အောင်ပြောလိုသေးသည်ဖြစ်သောကြောင့် ဒေါသအခိုးအလျှံ ခြောင်းခြောင်းထနေသူ မောင်ညိမ်းအောင်ကိုပင်...

"မဟုတ်ပါဘူး ကိုညိမ်းရယ်၊ ကျွန်တော် လမ်းစရိတ်တောင်းတာလည်း မဟုတ်ပါဘူး။ ကျွန်တော်ဟာ ရပ်ဝေးကလာခဲ့ရတဲ့ ညီတစ်ယောက်ပါဗျ။ အဘိုး နေမကောင်းတာကို မေးချင်မြန်းချင်၊ ပြုစုချင်လို့ လာတဲ့လူပါ။ ဒါလောက်ရက်ရက်စက်စက် မပြောသင့်ပါဘူးဗျာ" ဟုပြောရင်း အသံတိမ်ဝင်သွား၏။ ကျွန်ုပ်၏ အရှက်ကြီးရှက်၍ အနာကြီးနာသောစိတ်ကို ကျွန်ုပ် မချုပ်ထိန်းနိုင်တော့ပေ။

ကျွန်ုပ်က ဤသို့အပြောတွင် မောင်ညိမ်းအောင်က ထွီတစ်လုံးခတ်လိုက်ပြန်ပြီးမှ "အံမာ လူပါးဝလိုက်လေကွာ၊ မင်းက အဘိုးလေးဘာလေးနဲ့ ဖက်ခွက်စားသားက ကြီးကြီးကျယ်ကျယ် ဆွေမျိုးများစပ်လို့ ဟပ်လို့၊ တန်တန်ရာရာသွားကွာ သွားတော့ မြန်မြန်သွား၊ ငါ့ဘိုးဘိုးက မင်းအပြုအစုကိုခံဖို့ဝေးလို့ မင်းလက်နဲ့ထိရုံနဲ့တောင် ဒေါသထွက်ပြီး အသက်တို

**"ဤအခြေအနေမှာကား ကျွန်ုပ်အဖို့၌ ဝင်းထရံပေါ်တွင် ထိုင်၍နေရသောအခြေမျိုးဖြစ်၏။ ဟိုဘက်သို့လည်း ခုန်၍ချနိုင်၏။ သည်ဘက်သို့လည်း ခုန်၍ချနိုင်၏။ ဦးလေးဦးဒေါနနှင့် မောင်ညိမ်းအောင်တို့၏ ရှုံ့ရှာစက်ဆုပ် အဖက်မလုပ်ခြင်းကို အသာလေးခေါင်းလျှို၍ခံကာ ထွက်၍လည်းလာခဲ့နိုင်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်စေရန် ဇွတ် ခြေသလုံးကိုဖက်၍ အသနား ခံတန်လျှင်လည်းခံနိုင်၏။ အဘိုး၏အိမ်ထက်သို့ ကျွန်ုပ် တက်မိ၍ကား နေပေပြီ။ အိမ်ထက်မှ ဒီတစ်ခါဆင်းခဲ့လျှင်ကား နောင်တစ်ခါတွင် ယခုထက်ပြန်၍ အတက်ခက်တော့မည်ကို ကျွန်ုပ်တွေးမိ၏..."**

လိမ့်ဦးမယ်။ အမယ်လေး ပြီးတော့ လမ်းစရိတ်မတောင်းပါဘူးတဲ့။ ဟားဟား ငမွဲတေက မာနကြီးတစ်လုံးနဲ့ အေးကွာ သွားတော့ ... သွား၊ ဟန်ကျလှသကွာ ဆိုဖာပေါ်များတောင် တက်ပြီးထိုင်လို့ ရာရာသသ ထွီ၊ ဆိုဖာတော့ သနကုန်ပါပြီ" ဟု ပိုးစိုးပက်စက်ဆိုပြန်၏။ ကျွန်ုပ်ကား သူ့စကားများကို နားမထောင်ဝံ့အောင်ပင် ရှက်နာကြည်း၍ နေရပေတော့သည်။ သို့တိုင်အောင် မလျှော့သေးဘဲ နောက်ဆုံးအသနားခံသည့်အနေဖြင့်

"ကျွန်တော် သွားဆိုရင် သွားပါ့မယ် ကိုညိမ်းရယ်၊ မသွားခင်မှာ ဘိုးဘိုးကို မြင်ဖူးရုံရှိပါစေတော့။ ဘိုးဘိုးကို ကျွန်တော် ဝင်ပြီးကန်တော့ပါရစေဗျာ" ဟု ပြောလိုက်မိပြန်၏။

ကျွန်ုပ်၏စိတ်၌ မောင်ညိမ်းအောင်သည် လူစိတ်ရှိပါက အဘိုးအားကန်တော့ဝတ်ချရုံမျှကိုဖြင့် ခွင့်ပြုလိမ့်မည်ထင်မိ၏။ အဘိုးနှင့် ဦးလေးတို့ ကျွန်ုပ်၏မိခင်အပေါ်၌ အရှက်ခွဲရပါမည်လောဟု မဖြေနိုင်သောဒေါသကိုထားကြရာတွင် မောင်ညိမ်းအောင်တို့ လူငယ်ပိုင်းသို့မှု ထိုဒေါသမကူးစက်တန်ရာဟု ယူဆမိ၏။ သို့သော် ကျွန်ုပ်၏မိခင်အပေါ်၌ မည်မျှရက်စက်ကြသည်ဟူမူကား ကျွန်ုပ်အား လူလူချင်းဆက်ဆံသလိုဆက်ဆံဖို့ဝေးစွ၊ ခွေးလောက်မျှ မထင်သော မောင်ညိမ်းအောင်က ...

"ပေါ့ကောင် သောက်စကား တယ်ရှည်တာကိုးကွ။ မင်းကိုမြင်ရုံနဲ့တောင် ဘိုးဘိုးအသက်တိုလိမ့်မယ်။ သွား ... မျက်နှာမွဲ မျက်နှာပြာနဲ့ အိမ်ပေါ်ကို ဇွတ်တက်လာတာ ကြိုက်လှသကွာ။ မင်း ပိုက်ဆံလေးဘာလေးတောင်းရအောင်လာတာကို ငါသိပါတယ်ကွာ။ အေး ...ပိုက်ဆံတော့မရဘူးဟေ့ ဟောဒါပဲရမယ် .. သွား" ဟု ခါးခါးရင့်ရင့် ရင်နင့်ဖွယ်အမူအရာကိုပါပြ၍ ဆိုပြန်လေရာ ကျွန်ုပ်တွင် ဒေါသထောင်းခနဲထ၍သွား၏။ ဒေါသ၏အရိပ်သည် ကျွန်ုပ်၏မျက်နှာသို့ လာ၍ဟပ်၏။ ကျွန်ုပ်စိတ်ထွက်လာသောအမူအရာကို အကဲခတ်နေသော မောင်ညိမ်းအောင်ချက်ချင်းပင် လက်သီးကိုဆုပ်လျက် ကျွန်ုပ်၏အနီးသို့ ချက်ချင်း အစိမ်းဝါး၍စားတော့မည့်ပုံ ချဉ်းကပ်၍လာပြီးလျှင်

"ကိုင်း ... ခွေးမသား အေးအေးနဲ့ သွားရင်သွားနော်၊ မသွားရင် ငါဆွဲပြီး ထုတ်ရလိမ့်မယ်။ အနာမခံချင်ပါနဲ့ကွာ ... သွား အင့် ယူ မင်းသားရေအိတ်"ဟု ဒေါသတကြီးဆိုကာ ကျွန်တော်၏ လက်ဆွဲသားရေအိတ်လေးကိုပင် ဆိုဖာဘေး၌ထောင်ထားသည်ကို ကျွန်တော့်ဘက်သို့ ခြေဖြင့်ကန်၍ ပို့လိုက်သေး၏။

သားရေအိတ်လေးကို ခြေဖြင့်ကန်လိုက်သော မောင်ညိမ်းအောင်၏ခြေထောက်မှာ သားရေအိတ်ကိုသာ ကန်မိသော်လည်း ကျွန်ုပ်အဖို့၌ကား ကျွန်ုပ်၏အသည်းနှလုံးကို ကန်လိုက်သည်နှင့်မခြား၊ အလားအလာမရှိအောင် ရှက်နာဝမ်းနည်းကြီးဖြစ်မိပေသည်။ ယင်းသို့ရှိသည့်အပေါ်တွင် ကျွန်ုပ်အား 'ခွေးမသား' ဟု ဆိုလိုက်ခြင်းသည်ကား ကျွန်ုပ်အဖို့၌ ဦးခေါင်းပြတ်ကျသွားသည်တမျှ ထင်လိုက်မိ၏။ ကျွန်ုပ်အား စော်ကားလိုက စော်ကားပါစေတော့။ အရိုးဆွေးနေရှာပြီဖြစ်သော ကံဆိုးမမိခင်ကြီးအား အရိုးကို ပြန်ဖော်စော်ကားသည့်နည်းတူ ခွေးနှင့်နှိုင်းလိုက်ခြင်းမှာ ကျွန်ုပ်အဖို့တွင် ဘာပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်စေတော့ဟူသော စိတ်ကိုပေါ်လာစေ၏။ ထို့ကြောင့် ပေါက်ကွဲအံ့သောနှလုံးဖြင့် သင်းတို့အားလုံးကို အမုန်းကြီးမုန်းကာ အံကိုကြိတ်၍ လက်သီးကိုပင် ဆုပ်လိုက်မိ၏။

ကျွန်ုပ်လက်သီးဆုပ်သည်ကို မြင်လိုက်ရသည့်ခဏ၌ မာန်မာနဒေါသအိုး ဆူပွက်နေသော မောင်ညိမ်းအောင်မှာ ပို၍ဒေါသထွက်လာလေတော့ပြီးလျှင် "သွားသွား... ခုသွား ... ဆင်း ... ဆင်း ... အိမ်ပေါ်က ခုဆင်း ..." ဟု ပါးစပ်ကလည်း ပြော၊ ကျွန်ုပ်ကိုလည်း လက်မှဆွဲ၍ မွှေ့ယမ်းတွန်းဖယ်လိုက်၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကဝမြို့နယ်၌ အသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်ပြပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကျင်းပ

ကဝ မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများကို မေလ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝင်းက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်၍ အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိပြီး စာဖတ်သောအလေ့အကျင့်ကောင်းများ ရှင်သန်လာစေရန်ရည်ရွယ်၍ သုတ၊ ရသစာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြသည်။

ဆက်လက်၍ စကားပုံဆက်ပြိုင်ပွဲများကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း(ကဝ)မှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ် ဘုတ်ကုန်းကျေးရွာ၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နေကြာတိုးချဲ့စိုက်ပျိုးရေး အသိပညာပေးဆွေးနွေး

ရွှေဘို မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နေကြာတိုးချဲ့စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲကို မေလ ၁၉ ရက်တွင် ရွှေဘိုမြို့နယ် ဘုတ်ကုန်းကျေးရွာ၌ ကျင်းပသည်။



ရှေးဦးစွာ ရွှေဘိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းက ဘုတ်ကုန်းကျေးရွာရှိ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲနှင့် ဝါစိုက်ပျိုးကြသော တောင်သူများအား သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နေကြာတိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးစေရေးအတွက် ပျားမွေးမြူရေးနှင့်တွဲဖက်ဆောင်ရွက်ကြရန် အသိပညာပေးပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဦးက တောင်သူများအား ဝါစိုက်ပျိုးထုတ်လုပ်ရခြင်းရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရွှေဘိုခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ နေကြာမျိုးစေ့၊ ဝါမျိုးစေ့နှင့် ရွှေဘိုပေါ်ဆန်းမျိုးစေ့များကို ဘုတ်ကုန်းကျေးရွာရှိ အကျိုးဆောင်တောင်သူများထံပေးအပ်ကြကြောင်း သိရသည်။

**အောင်ထွန်းခိုင်(ပြန်/ဆက်)**

# အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၁၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တထောင်မြို့နယ်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၏ အဆောက်အအုံ အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် အဆောက်အအုံပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် မြို့နယ်မှူး မွမ်းမံသင်တန်း၊ ရုံးလုပ်ငန်းသုံး ကွန်ပျူတာ မွမ်းမံသင်တန်းနှင့် ကုန်ပစ္စည်း အမျိုးအစားခွဲခြားမှုဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်း



**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို စိမ်းလန်းစိုပြည်သောမြို့ပြ(Green City)၊ သန့်ရှင်းသပ်ရပ်သောမြို့ပြ(Clean City) နှင့် ခေတ်မီနည်းပညာအခြေပြု စမတ်မြို့ပြ (Smart City) အဖြစ် ဘက်စုံကဏ္ဍစုံမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် မေ ၁၉**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပသည်။

ယနေ့ ညနေ ၃ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ကစားရာ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်၁ဂိုးစီသရေရလဒ်ဖြင့်လည်းကောင်း



ယှဉ်ပြိုင်ခဲ့ကြသည်။

မေလ ၂၀ ရက်**(ယနေ့)** ညနေ ၃ နာရီတွင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ဇုန်လေးခု၌ အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို မေလ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ (YTC စက်ဘီးလေ့ကျင့်ရေး၊ ပဒေသာ၊ သန်လျင်နှင့် ပဒုမ္မာ) အားကစားကွင်းများ၌ မေလ ၂၉ ရက်မှ ဇွန်လ ၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center. ASMC)မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့်(၁)သို့လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင်စိုစွတ်သောရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုလျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလ အခြေအနေမှ အနောက်တောင်မုတ်သုံအခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁)မှအဆင့်(၀)(ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁)% ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁)% လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

# အခွန်အများဆုံးထမ်းဆောင်ခဲ့သည့်ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကျင်းပ




**ကော့သောင်း မေ ၁၉**

၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင်ကော့သောင်းမြို့နယ်အတွင်းရှိအခွန်အများဆုံးထမ်းဆောင်ခဲ့သည့်ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့်အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့ မဏ္ဍူသကခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်ဆု၊ ကုန်သွယ်လုပ်ငန်းခွန်ဆုနှင့် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် ပုဂ္ဂလိကလုပ်ငန်းရှင်ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော့သောင်းခရိုင်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မအားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ အေးရိပ်ငြိမ်ကြက်တောင်အားကစားရုံ၊ ရွှေမင်းဝံ တင်းနစ်အားကစားရုံနှင့် ခရိုင်အားကစားခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တက်ရောက်



**စစ်ကိုင်း မေ ၁၉**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကိုဆုများပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာနလေးခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများပေးအပ်သည်။


မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ မနုဿဗေဒပြခန်း၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကွန်ပျူတာလက်တွေ့ခန်း၊ Language Lab၊ လေးထပ် အင်ဂျင်နီယာအလုပ်ရုံ၊ မိုးလုံလေလုံအားကစားရုံဆောက်လုပ်မည့်မြေနေရာနှင့် ငါးခူမွေးမြူရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးလေဝသ သတင်း

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မကွေး | ၄၁.၆°C |
| မင်းဘူး | ၄၀.၈°C |
| ချောက် | ၄၀.၆°C |
| ညောင်ဦး | ၄၀.၅°C |
| ညောင်လေးပင် | ၄၀°C |
| ဆင်ဖြူကျွန်း | ၃၉.၉°C |
| ဂန့်ဂေါ | ၃၉.၆°C |
| မုံရွာ | ၃၉.၅°C |
| မြင်းမူ | ၃၉.၅°C |
| ကလေး | ၃၉.၃°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကော့သောင်း | (၂.၃၆)လက်မ |
| မြိတ် | (၁.၉၃)လက်မ |
| မုဒုံ | (၁.၉၃)လက်မ |
| ထားဝယ် | (၁.၈၄)လက်မ |
| သီပေါ | (၁.၈၁)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၁.၇၂)လက်မ |
| ရေး | (၁.၆၉)လက်မ |
| ချောင်းဆုံ | (၁.၃၇)လက်မ |
| သပိတ်ကျင်း | (၁.၃၄)လက်မ |
| ကျိုက်မရော | (၁.၃၀)လက်မ |
| မြင်းခြံ | (၁.၀၂)လက်မ |




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၃၃ |
| ရှမ်း(မြောက်) | ၂၀ | ၃၃ |
| ရှမ်း(အရှေ့) | ၂၁ | ၃၃ |
| ရှမ်း(တောင်) | ၁၈ | ၂၉ |
| ချင်း | ၁၇ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၄ | ၄၀ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၈ |
| နေပြည်တော် | ၂၆ | ၃၇ |
| မန္တလေး | ၂၆ | ၃၈ |
| မကွေး | ၂၅ | ၄၀ |
| ရခိုင် | ၂၇ | ၃၃ |
| ပဲခူး | ၂၃ | ၃၈ |
| ရန်ကုန် | ၂၆ | ၃၈ |
| ဧရာဝတီ | ၂၅ | ၃၆ |
| ကယား | ၂၁ | ၃၃ |
| ကရင် | ၂၄ | ၃၄ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၂ | ၃၃ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပသော (၁၁)ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်




**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ မေလ ၁၈ ရက်မှ ၂၂ ရက်အထိကျင်းပသည့် (၁၁)ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Mikhail Mishustin က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံ၏အဓိကစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာစက်မှုကဏ္ဍအလိုက် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုဆောင်ရွက်နေသူများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် "The Speed Race: Is Defense Keeping Pace with Threats?" ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြီး ယနေ့ နိုင်ငံတကာတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကိုခြိမ်းခြောက်လျက်ရှိသည့် ဆိုက်ဘာနည်းပညာဆိုင်ရာခြိမ်းခြောက်မှု အန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာလုံခြုံရေး (IT Security) ဆော့ဖ်ဝဲနှင့် စက်ပစ္စည်းများထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Security Code ကုမ္ပဏီအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံရှိတက္ကသိုလ်များတွင် ယနေ့ခေတ်လုံခြုံမှုဆိုင်ရာနည်းပညာမျှဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ဒစ်ဂျစ်တယ်နည်းပညာကူးပြောင်းမှုလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရုရှားအစိုးရ၏ "Digital Economy" အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် ပြင်ဆင်ထားသည့်နေရာတစ်ခုဖြစ်သည့် NEIMARK တက္ကသိုလ်၏ IT Campus သို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးနိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ



နေပြည်တော် မေ ၁၉

စက်မှုနှင့်အသေးစား၊ အလယ်အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ယနေ့နံနက်ပိုင်းတွင်ဆေးဝါးစက်ရုံ (အင်းစိန်)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ဝန်ကြီးဌာနအသီးသီးကို ဘဏ္ဍာရန်ပုံငွေများ သတ်မှတ်ခွဲဝေထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာ ဦးစီး/လုပ်ငန်းများအနေဖြင့် ရရှိသည့်ဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်မရှိအောင်နှင့် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန်လိုအပ်သလို ဘဏ္ဍာရန်ပုံငွေများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ညွှန်ကြားချက်များ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စည်းကမ်းကျနစွာဖြင့် ရိုးရိုးသားသား နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်စက်ရုံမှူးများက လုပ်ငန်းဆောင်ရွက်မှုများအပေါ် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ကမ္ဘောဇလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း သုံးယောက်တွဲပြိုင်ပွဲ၌ ဒုတိယ၊ လေးယောက်တွဲပြိုင်ပွဲ၌ တတိယရရှိ




ရန်ကုန် မေ ၁၉

၂၀၂၆ ကမ္ဘောဇလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ၌ ဒုတိယ၊ လေးယောက်တွဲပြိုင်ပွဲ၌ တတိယ ရရှိသည်။

သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက အိမ်ရှင်မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ထိုင်းအသင်းက တောင်ကိုရီးယားအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို ပထမပွဲငယ်တွင် ၁၅-၉ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၀ မှတ်ဖြင့် အနိုင်ရရှိသည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက မြန်မာအသင်းကို ၂ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိသည်။ ပထမပွဲငယ်တွင် ထိုင်းအသင်းက ၁၅-၈ မှတ်ဖြင့် အနိုင်ရပြီး ဒုတိယပွဲငယ်တွင် မြန်မာအသင်းက ၁၅-၁၃ မှတ်ဖြင့်အနိုင်ရသဖြင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာသည်။ တတိယပွဲငယ်တွင် ထိုင်းအသင်းက ၁၅-၇ မှတ်ဖြင့် အနိုင်ရသဖြင့် မြန်မာအသင်း ဒုတိယဖြင့် ကျေနပ်ခဲ့ရသည်။

လေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အိန္ဒိယအသင်းက မြန်မာအသင်းကို ၂ ပွဲ ၁ ပွဲ၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို ၂ ပွဲ ၁ ပွဲဖြင့်အနိုင်ရရှိသည်။ ကွာတားဖိုင်နယ်တွင် နာမည်ကြီးထိုင်းကို အနိုင်ယူလာသည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တွင် အိန္ဒိယအသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ကာ ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့သည်။ မြန်မာအသင်းအတွက် နစ်နာသည့်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲကို မေလ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ISTAF

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ



တောင်ကြီး မေ ၁၉

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၉) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် သတ်မှတ်ထားသည့် ဆောင်ပုဒ်များဖြစ်သည့် "မူးယစ်ကင်းစင်တို့ပြည်တစ်ခွင် သာယာလှပ အနာဂတ်ဘဝ"၊ "လွယ်လွယ်နဲ့ရ သုံးစွဲကြ မူးယစ်သားကောင်ဖြစ်နေရ ဝိုင်းဝန်းကာကွယ်တားဆီးမှ"၊ "မူးယစ်ကင်းစင် တို့ဝန်းကျင် ပျော်ရွှင်ချမ်းမြေ့ လုံခြုံလှ"၊ "နိုင်ငံ့အနာဂတ် လှပဖို့ မူးယစ်ဆေးကိုအမြစ်ဖြတ်စို့"၊ "ဗလငါးတန်ခိုင်မြဲဖို့ မူးယစ်ဆေးကို တိုက်ဖျက်စို့"၊ "အဆိုးကျော့စက်ဝန်း အဆုံးသတ်ဖို့ အုပ်စုဖွဲ့ မှုခင်းတိုက်ဖျက်စို့"၊ "Break the Cycle. #Stop Organized Crime" စသည့် ခေါင်းစဉ်များဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ၈၂ ဦး၊ စာစီစာကုံးပြိုင်ပွဲတွင် ၂၃ ဦးတို့က ကဏ္ဍများအလိုက် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများက လိုက်လံကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## သဇင်(FM)အသံလွှင့် အစီအစဉ် ၂၀-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုပေးအပ်ပွဲကျင်းပ

မန္တလေး မေ ၁၉

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး တိုက်ကွမ်ဒိုဆပ်ကော်မတီဥက္ကဋ္ဌတို့ ပူးပေါင်းကျင်းပသော ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲဆုပေးအပ်ပွဲအခမ်းအနားကို မန္တလေးမြို့ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားပြီး ဆုပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာအသက်ရှစ်နှစ်အောက်အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၁ နှစ်အောက် အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၄ နှစ်အောက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲ၊ အသက် ၁၈ နှစ်အထက် အမျိုးသား/ အမျိုးသမီးပြိုင်ပွဲများတွင် တစ်ဦးချင်းဆုရရှိသူများ၊ ကကွက်ပြိုင်ပွဲနှင့် အတိုက်ပြိုင်ပွဲတို့တွင် ဆုရရှိသောအသင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုတံဆိပ်များ၊ ဆုဖလားများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အဆိုပါ ကလပ်ပေါင်းစုံဖိတ်ခေါ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မေလ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပပြီး ကလပ်အသင်း ၁၄ သင်းမှ အားကစားသမားစုစုပေါင်း ၈၀၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(၄၀၂)



# ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှုဆောင်ရွက်

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။



အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြား၍ ကျောင်းဝတ်စုံများ၊ စာအုပ်၊ ခဲတံနှင့်ဘောပင်များပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၁၀)

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ကလေးငယ်များရဲ့ အနာဂတ်ကို လက်တွေ့အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံအဖွဲ့အစည်း"** ခေါင်းစဉ်ဖြင့် ၂၀-၅-၂၀၂၆ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၇-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဓားပြတိုက်၊ ဆက်ကြေးကောက်၊ အလှူခံအလုပ်နဲ့ပဲ ဇာတ်သိမ်းတော့မည့်ဦးတည်ရာပြောင်းလာပြီဖြစ်သော ကိုယ်ကျိုးရှာတော်လှန်ရေး"**ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်ပဲ ၁၆ ပြည်ဝင်အိတ်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလ တစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်း၏ပြောကြားချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လက မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၀၀၀၀ ခန့်သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ် ၄၅၀၀၀ ခန့်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်မတ်ပဲများကို လပွတ္တာမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လက်ရှိမှာ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲတွေကို ပြည်ပဈေးကွက်က ပြန်လည်ဝယ်လိုအားကောင်းလာတာကြောင့် ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာတာပါ"ဟု ဒေါ်သင်းသင်းက ပြောသည်။

မတ်ပဲအရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# စာပေစွမ်းရည်

- စာပေသည် အကျိုးများတယ်ကွဲ့
တို့လူသား သိစေကွယ်။
အတွေးမြော်မြင် သုံးသပ်တတ်လို့
ဆုံးဖြတ်မှန်တယ်။
စာပေကြောင့် ဗဟုသုတကြွယ်
လောကအလယ် မြင့်မြတ်။
ဆောင်းသရဖူ ဘဝလှလို့
ခေါင်းဖျားရလဒ်။
- စာပေသည် အနာဂတ်ပေမို့
သိမှတ်ကြ ရင်သွေးတွေ။
အသိဉာဏ် အစွမ်းထက်လို့
တိုးတက်ခြင်းပေ။
အောင်မြင်မှု အောင်ပန်းဝေ
မလွဲမသွေ ကောင်းအကျိုး။
ရှင်သန်ချိန် ဘဝတစ်လျှောက်မို့
တောက်ပဂုဏ်တိုး။
- အလင်းရောင် တက်နေဖြိုးသို့
မြင့်မြတ်တန်ခိုး လူ့ဂုဏ်အင်။
မြတ်စာပေ ရောင်ခြည်ရွှန်းသို့
ထွန်းလင်းဖြာလွင်။
ကမ္ဘည်းထိုးစာသဘင်
စွမ်းအားအင် အထူးထူး။
ဉာဏ်တန်ဆောင်
စာအရောင် အမှောင်ခွင်းလို့
လင်းရောင်ခြည်မြူး။ ။

ဂန္ထဝင်ချစ်သူ


# ကမမောင်းမြို့ သံလွင်ဦးမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲကျင်းပ

ကမမောင်း မေ ၁၉

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့ရှိပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိ၊ သတိရှိစေရန်ရည်ရွယ်၍ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ဖာပွန်ခရိုင်မီးသတ်ဦးစီးဌာနနှင့် ကမမောင်းမြို့ စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးတာဝန်ခံ၊ ဈေးသူ၊ ဈေးသားများနှင့်အတူ သံလွင်ဦးမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကိုကျင်းပသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲသို့ ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်၊ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ ကမမောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့နယ်ဦးစီးမှူး ဦးဇေယျာထွန်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖာပွန်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ဈေးသူ၊ ဈေးသားများအနေဖြင့် မီးဘေးအန္တရာယ်



မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်ဆေးဘူးသုံးစွဲပြီး အလျင်အမြန်မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးသုံးစွဲပုံနည်းစနစ်များကို ရှင်းလင်းပြောကြားပေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအား စနစ်တကျကိုင်တွယ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသပေးပြီး ဌာနဆိုင်ရာများ၊ ဈေးသူ၊ ဈေးသားများနှင့်အတူ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (၄၀၆)

# ကျောင်းအပ်နှံနိုင်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

မန္တလေး မေ ၁၉

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ၈၉ လမ်း ပြည်ကျော်ဈေးရှေ့၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေဝမ်းနှင့်ရာအိမ်မှူးများ၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် ရာအိမ်မှူးများ၊ သီရိဟေမာအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့်ရာအိမ်မှူးများ၊ အမှတ်(၃၀)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမ ဒေါ်ကေသီထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လက်ကမ်းစာစောင်များကို စုပေါင်းဖြန့်ဝေကြကြောင်း သိရသည်။ (၄၀၂)

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် မေ ၁၉

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်တွင်ပြည့်မြောက်ခဲ့သည့် (၈၉)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများကို (၈၉)နှစ်မြောက် ရုံးနှစ်ပတ်လည်နေ့အထိမ်းအမှတ်မှတ်တမ်းလွှာ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့နှင့် ဦးစီးဌာနသုံးခု၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို Video Clip ဖြင့်ပြသ၍ နှစ်ပတ်လည်အထိမ်းအမှတ် စပ်ဆိုထားသည့် "မော်ကွန်းသစ်(သို့မဟုတ်) External OAG " ရုံးသီချင်း Video Clipကို တင်ဆက်ပြသကာ ဓာတ်ပုံများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စီမံထူးချွန်ဆုရရှိသူများ၊ လုပ်ငန်းခွင်စွမ်းဆောင်ရည် အကောင်းဆုံးဆု၊ သင်ကြားမှုအကောင်းဆုံးဆု၊ သင်တန်းထူးချွန်ဆု၊ အသိပညာ၊ ဗဟုသုတမျှဝေတင်ပြမှုအကောင်းဆုံးဆု၊ တေးသီချင်းဆု၊ မဂ္ဂဇင်းစာမူရှင်ဆုရရှိသူ စုစုပေါင်း ၁၅၈ ဦးနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့သည့် ဝန်ထမ်း ၄၇ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက်ဌာနအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Pilot Project များ၊ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် Real Time Audit စစ်ဆေးမည့် လုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ပရိယတ္တိစာမေးပွဲအဖြေလွှာစစ်ဆေးသည့် သံဃာတော်များနှင့် စာဖြေသံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုဖူးမြော်စဉ်။

# မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ပရိယတ္တိစာမေးပွဲအဖြေလွှာစစ်ဆေးသည့် သံဃာတော်များနှင့် စာဖြေသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဗုဒ္ဓသာသနာ့သံဃာ့ဆေးရုံ၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့များက စာစစ်သံဃာတော်များအပါအဝင် သံဃာတော် ၂၈၃ ပါးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ၁၉-၅-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နိုင်ငံခြားသားခရီးသွားများ မြန်မာနိုင်ငံ၏ခရီးသွားဒေသများ ပိုမိုသိရှိလည်ပတ်နိုင်စေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ၏လာမည့် ပွင့်လင်းရာသီခရီးသွားကာလ၌ ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားခရီးသွားများ မြန်မာ့အလှနှင့်ယဉ်ကျေးမှုဒေသများ ပိုမိုသိရှိလည်ပတ်နိုင်စေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ဇွန်လဒုတိယပတ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှသိရသည်။

ကိုဗစ်ကာလနောက်ပိုင်း ပြည်ပခရီးသွားဝင်ရောက်မှုလျော့နည်းသွားမှုကို ပြန်လည်ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့များ၊ သဘာဝအလှများ၊ အပန်းဖြေကမ်းခြေများ၊ ရိုးရာအစားအစာများနှင့် ဆင်ယင်ထုံးဖွဲ့မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးအပင်မျိုးစိတ်များကို လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကိုစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

" အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲမှာ ဥရောပ၊ အာရှနဲ့ အာဆီယံနိုင်ငံတွေက ပြည်ပခရီးသွားတွေ ပိုပြီးလာရောက်လည်ပတ်နိုင်ဖို့ ခရီးသွားမြှင့်တင်ခြင်းနဲ့ မြန်မာနိုင်ငံမှာ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်နိုင်ကြောင်း ကမ္ဘာကိုသိအောင်ပြသတဲ့ပွဲပါ။ ပြီးတော့ Business to Business လုပ်ဆောင်တာလည်းပါပါတယ်။ နိုင်ငံတော်ကလည်း ခရီးသွားလုပ်ငန်းမြှင့်တင်မှုကို ဖော်ဆောင်နေချိန်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအနေနဲ့လည်း နိုင်ငံတော်နဲ့အတူ မြန်မာ့ခရီးသွားမြှင့်တင်မှုကို ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် ဝမ်းသာဂုဏ်ယူမိပါတယ်။ အောင်မြင်စွာကျင်းပနိုင်အောင် ဆောင်ရွက်ပေးနေတဲ့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ဌာနဆိုင်ရာများကို အထူးပဲကျေးဇူးတင်ပါတယ်" ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ဒေါ်မေသက်လွင်က ပြောသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ စပိန်၊ ပြင်သစ်၊ အီဂျစ်၊ ချက်လိုစကိုဗားကီးယား၊ ရိုမေးနီးယား၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်၊ ဘူတန်၊ ဖိလစ်ပိုင်နှင့်အခြားနိုင်ငံများမှ ခရီးသွားဆိုင်ရာကုမ္ပဏီများပါဝင်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်မှုကဏ္ဍတွင် ပုဂံ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ငွေဆောင်ကမ်းခြေနှင့် အခြားခရီးသွားဒေသတို့ကို အဓိကထား၍ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြပွဲတွင် ပြည်တွင်း/ပြည်ပခရီးသွားဒေသများ၊ ခရီးသွားဆိုင်ရာဆွေးနွေးပွဲများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ဘဏ်များနှင့် အာမခံများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းများနှင့် စွန့်ဦးတီထွင်ပြခန်းများကို ပြသသွားမည်ဖြစ်ပြီး ပြပွဲကို ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသွားမည်ဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာယဉ်ကျေးမှုနှင့် သဘာဝအလှများပြည့်နေပြီး ရွှေစေတီများဖြင့် ရွှေရောင်လွှမ်းသောနိုင်ငံ(Golden Land)အဖြစ်ထင်ရှားသည့် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလေ့လာလည်ပတ်ရန်နေရာများစွာရှိနေပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ခရီးသွားဒေသမှပြည်သူများ အကျိုးကျေးဇူးရရှိစေရန်၊ နိုင်ငံတော်၏ ယဉ်ကျေးမှုဆိုင်ရာနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းကာကွယ်နိုင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများတိုးတက်စေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ယခုလာမည့်ပြပွဲသည် လာမည့်ပွင့်လင်းခရီးသွားရာသီ၌ ပြည်ပခရီးသွားများတိုးမြှင့်ဝင်ရောက်နိုင်ရန် ခရီးသွားမြှင့်တင်မှုလင်းရောင်ခြည်သန်းနေသည့် ဖော်ဆောင်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

ညိမ်းသူ

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက်နေ့မှ မေလ (၃၁)ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန

၂၀၂၆-၂၀၂၇ ပညာသင်နှစ်

"အသိပေးကြေညာချက်"

- ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

# ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ




ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်သို့ သွားရောက်လေ့လာစဉ်။




ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်တွင် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာစဉ်။




ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင် အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်။

**နေပြည်တော် မေ ၁၉**

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၆) စခန်းပေါင်းစုံမှ သင်တန်းသား/သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင်အသုံးပြုလျက်ရှိသော လေယာဉ်/ရဟတ်ယာဉ်များအကြောင်းကို တပ်မတော်(လေ)မှတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။


ထို့နောက် ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများသည် မင်္ဂလာဒုံမြို့နယ်ရှိလေတပ်စခန်းဌာနချုပ်ရှိတပ်မတော်လေယာဉ်များ၏စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နေ့လယ်ပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား ပြခန်းခန်းမဆောင်၌ ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်)နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသောရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများရှင်းလင်းတင်ပြမှုဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာအခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့်ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာပိုစတာများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးလာရောက်ကူညီထောက်ပံ့ပေးခဲ့သည်များကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုလျက်ရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ်တည်ထောင်ရေးလုပ်ငန်းများကိုထောက်ခံပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပိုမိုရင်းနှီးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့လွှတ်တော်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်(၃)ရပ် ပေါ်ထွက်လာခဲ့ပြီး မိမိအနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါကြောင်း၊ လွှတ်တော်သည် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသောနေရာတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အဓိကတာဝန်ကြီး(၄)ရပ်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများကို ရွေးချယ်ပေးရခြင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များဆောင်ရွက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်နိုင်ရေးတို့အတွက် မဏ္ဍိုင်ကြီး (၃)ရပ်အကြား အချင်းချင်းအပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏မူဝါဒများကို ပြည်သူများနားလည်ပူးပေါင်းဆောင်ရွက်နိုင်စေရန် ပြည်သူကိုကိုယ်စားပြု၍ ကြားခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရပါကြောင်း။

အဆိုပါလွှတ်တော်ကို အားဖြည့်ဆောင်ရွက်ပေးသည့် အမြဲတမ်းကော်မတီ(၄)ရပ်ရှိပါကြောင်းနှင့် လာမည့်လွှတ်တော်ကာလတွင်လည်း ယာယီကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါကလည်း ကော်မရှင်နှင့်အဖွဲ့များဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ရက် ၁၀၀ စီမံကိန်းချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ထိထိရောက်ရောက်တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုပါအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုနှစ်တွင်စတင်မည့် (၁၅)ကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ပြီး တရုတ်- မြန်မာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းတစ်ရပ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲအားပေးထောက်ခံခဲ့ပါကြောင်း၊ ယခုရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်များကို တရုတ်ပြည်သူ့အမျိုးသားကွန်ဂရက်မှ ဦးစွာဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့၍ ထောက်ခံခဲ့ပါကြောင်း၊ ဆက်လက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# မြေပဒေသာဥယျာဉ်ခြံ၌ မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ကျင်းပ



**ရန်ကုန် မေ ၁၉**

မြန်မာ့ဒူးရင်းပွဲတော် ၂၀၂၆ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ်မြေပဒေသာဥယျာဉ်ခြံ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ စီးပွားရေးသံမှူးများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက အရည်အသွေး၊ အနံ့အရသာနှင့် အထွက်နှုန်းကောင်းသောဈေးကွက်ဝင် မြန်မာ့ဒူးရင်းမျိုးများရွေးချယ်ဖော်ထုတ်ရန်နှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဒူးရင်းအသင်း ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးထုတ်လုပ်သူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ သုတေသနပညာရှင်များ၊ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်သောလုပ်ငန်းရှင်များပူးပေါင်းပါဝင်သည့် ကွန်ရက်တစ်ခုဖော်ဆောင်ရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒူးရင်းသီးနှံပြခန်းများကို ကြည့်ရှုအားပေးပြီး အရည်အသွေး၊ အနံ့အရသာနှင့် အထွက်နှုန်းကောင်းသော ဈေးကွက်ဝင်ဒူးရင်းမျိုးများကို ရွေးချယ်အကဲဖြတ်အမှတ်ပေးကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည်မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယသမ္မတနိုင်ငံမှ အင်္ဂလိပ်ဘာသာသင်တန်းဆရာများကို မြန်မာနိုင်ငံ၏ သတ်မှတ်တက္ကသိုလ်များတွင် ရေရှည်ခန့်ထားတာဝန်ပေးအပ်ရေး၊ ဆရာ၊ ဆရာမ ၃၀ ဦးကို အင်္ဂလိပ်စာကျွမ်းကျင်မှုကာလတိုသင်တန်းများ အိန္ဒိယတက္ကသိုလ်များ၌ တက်ရောက်နိုင်ရေးနှင့် ပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများအတွက် ပညာတော်သင်ဆုများ ချီးမြှင့်ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## (၁၉-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၇၈ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၂၇,၉၅၈.၈၁ | ၂၅,၈၀၅,၈၄၇.၁၂ | ၁၂၄,၇၂၃,၉၉၁.၁၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၄၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၅၂ သန်းကိုလည်းကောင်း၊ ၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ရွှေဘိုပေါ်ဆန်း အရည်အသွေးထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်းတစ်ခေတ်ဆန်းစေရမည်

ဇာဇာမင်း(ရွှေဘို)



**စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်ရည်ဆန်သားကောင်းမွန်ခြင်း၊ စပါးစေ့ကြွေကျမှုနည်းသည့်အတွက် လေလွင့်ဆုံးရှုံးမှုသက်သာခြင်း၊ ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်းအလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်း၊ ဈေးကွက်ခိုင်မာခြင်းများကြောင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံတွင် "ကမ္ဘာ့အကောင်းဆုံးဆန်" World Best Rice အဖြစ် ရွေးချယ်သတ်မှတ်ခံရ . . .**

အမိမြန်မာနိုင်ငံတော်၏စီးပွားရေးကဏ္ဍသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်မှုကိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးထုတ်လုပ်သောနိုင်ငံဖြစ်သည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးသည် ဆန်စပါးကို ချက်ပြုတ်၍ နေ့စဉ်အဓိကအစားအစာအဖြစ် စားသုံးကြသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကကျသော စားသုံးကုန်သီးနှံဖြစ်သကဲ့သို့ နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်သော မဟာဗျူဟာမြောက်သည့်စိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်းဖြစ်သည်။

ဆန်စပါးကို မြန်မာတစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားဖြင့် ဧက ၁၇ သန်းဝန်းကျင်၊ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုပြီး ကျန်ရှိသော ၂၀ ရာခိုင်နှုန်းသည် ပြည်ပသို့ နှစ်စဉ်တင်ပို့နေခြင်းဖြစ်သည်။ ရွှေဘိုခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ပထမစပါးကျီအဖြစ် ရပ်တည်နေသည်နှင့်အမျှ စပါးသီးနှံကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး မိုးစပါးကို နှစ်စဉ်ဧက သုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ ရွှေဘိုပေါ်ဆန်းစပါးကို နှစ်စဉ်ဧက နှစ်သိန်းကျော်စိုက်ပျိုးလျက်ရှိသည်။

**ပေါ်ဆန်းစပါးမျိုး ရွှေဘိုဒေသရောက်ရှိခဲ့သည့် နောက်ခံသမိုင်း**

ပေါ်ဆန်းစပါးမျိုးကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှတောင်သူ ဦးထွန်းရီ၊ ဒေါ်ကြည်ညွန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဖုံလုံကျေးရွာသို့သွားရောက်၍ လေးပြည်ယူဆောင်ခဲ့ပြီး စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပေါ်ဆန်းစပါးမျိုးသည် ရေ၊ မြေဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းကာ ဆန်အရည်အသွေးနှင့် စားသုံးမှုကောင်းခြင်းကြောင့် လူကြိုက်များလာခဲ့ပြီး ဒေသခံတောင်သူများ အချင်းချင်းမျိုးဖလှယ်၍ တစ်စတစ်စပိုမိုများပြားစိုက်ပျိုးလာကြသည်။

၂၀၀၃ ခုနှစ်တွင် ရွှေဘိုဒေသမှမိုးကုတ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြင့် ဈေးကွက်စတင်ဖြစ်ထွန်းလာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ချီပါမျိုးသန့်ခြံ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပေါ်ဆန်းစပါးမျိုးတင်း ၆၀ ရယူမျိုးပွားခဲ့ခြင်း၊ ၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ သရောင်းချောင်းမျိုးသန့်ခြံမှ စပါးမျိုးတင်း ၁၅၀ ရယူမျိုးပွားခဲ့ခြင်း၊ ဖျာပုံမြို့နယ် အောက်ကွင်းကြီး စိုက်ကွင်းမှ ၁၅ တင်းရယူမျိုးပွားခဲ့ခြင်းတို့ကြောင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးလာကြပြီး အကျိုးဆောင်တောင်သူများဖြင့် မျိုးသန့်ပွားများရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်မှ စတင်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှမျိုးများမှာယူခဲ့ပြီး ချီပါမျိုးသန့်ခြံ၌ နှစ်စဉ်ရွှေဘိုပေါ်ဆန်းစပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။ ယခုအချိန်တွင် ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဧရိယာအများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေသည်ကို မြင်တွေ့နေရပြီဖြစ်သည်။

**တိုးချဲ့စိုက်ပျိုးလာမှုနှင့် မျိုးသန့်စိုက်ပျိုးထုတ်လုပ်ပွားများမှု**

ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ခရိုင်အတွင်းမှမျိုးသန့်ခြံများ၊ မျိုးစေ့ထုတ်လုပ်သူအသင်းများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများ၊ အကျိုးဆောင်တောင်သူများမှတစ်ဆင့် နည်းလမ်းမျိုးစုံနှင့် နှစ်စဉ်မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ ရွှေဘိုပေါ်ဆန်းစပါးအရည်အသွေးကောင်းသည်နှင့်အမျှ ဈေးကွက်ခိုင်မာလာမည်ဖြစ်သည့်အတွက် ယခုအခါတောင်သူများကိုယ်တိုင်စိတ်ပါဝင်စားစွာ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းကို လုပ်ကိုင်လာနေကြပြီဖြစ်သောကြောင့် ရွှေဘိုတစ်ခရိုင်လုံးရှိ ရွှေဘိုပေါ်ဆန်းစိုက်ဧရိယာ၏ ၈၀ ရာခိုင်နှုန်းသည် မျိုးသန့်လွှမ်းခြုံနေပြီဖြစ်သည်။

ရွှေဘိုဒေသသည် ရွှေဘိုပေါ်ဆန်းစပါးကိုမစိုက်မီကာလများက မနော်ဟရီ၊ မနောသုခ၊ ဆင်းသိင်္ဂီစသည့်စပါးမျိုးများကိုစိုက်ပျိုးခဲ့ကြပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရရှိသည့်အတွက် တောင်သူများ၏ ဝင်ငွေအကျိုးအမြတ်ရရှိမှုနည်းပါးခဲ့သည်။ ရွှေဘိုပေါ်ဆန်းစတင်စမ်းသပ်စိုက်ပျိုးရာမှ တစ်စတစ်စတိုးချဲ့စိုက်ပျိုးလာသည့်အတွက် ယခုအချိန်၌ ဆည်ရေသောက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းသည် ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ပေါ်ဆန်းစပါးဈေးကွက်ကောင်းရရှိနေမှုကြောင့် မြန်မာနိုင်ငံဒေသအနှံ့အပြား၌လည်း တိုးချဲ့စိုက်ပျိုးနေကြကြောင်း သိရသည်။

**အထွက်နှုန်းကောင်းအရည်အသွေးကောင်းရရှိရန်**

ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် ရာသီစပါးဖြစ်သည့်အတွက် စိုက်ချိန်ကွာခြားသော်လည်း ရိတ်သိမ်းချိန်လွန်စွာမကွာခြားသော စပါးမျိုးများဖြစ်သည်။ ရွှေဘိုပေါ်ဆန်းစပါးအထွက်တိုးနည်းပညာများကို စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်သည်။ ရွှေဘိုပေါ်ဆန်းစပါးအထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းရရှိရေးအတွက် လိုက်နာကျင့်သုံးရန်လည်း စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်လျက်ရှိသည်။ ရွှေဘိုခရိုင်သည် မိုးစပါး၊ နွေစပါး နှစ်စဉ်ဆက်တိုက်စိုက်ပျိုးကြသည်ဖြစ်၍ စပါးဆစ်ပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့်တောင်သူလယ်သမားများပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ကာလ၌ ရွှေဘိုပေါ်ဆန်းစပါးသည် ဆစ်ပိုးကင်းလွတ်၍ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းရရှိနေပြီဖြစ်သည်။

ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက အထွက်တိုးနည်းလမ်းများဖြစ်သည့် မျိုးကောင်းမျိုးသန့်စပါးကို အသုံးပြုစိုက်ပျိုးခြင်း၊ သက်တမ်း ငါးလမကျော်အောင် စိုက်ပျိုးခြင်း၊ သတ်မှတ်ကောက်ကွက်ပြည့်မီအောင် အထူးဂရုပြုစိုက်ပျိုးခြင်း၊ ပျိုးသက်မှန်၊ လက်ဆမှန်စိုက်ပျိုးခြင်းများအပြင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျထည့်သွင်းအသုံးပြုခြင်း စသည့်နည်းလမ်းငါးချက်ကို စနစ်တကျလိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုအပ်သည်။ ထို့ပြင် အရည်အသွေးကောင်းမွန်စေရန်အတွက် နေ့ညအပူချိန်ကွာဟချက်ဖြစ်ပေါ်ချိန်တွင် ပန်းပွင့်စေရန် စိုက်ပျိုးချိန်ကို ချိန်ညှိစိုက်ပျိုးခြင်း၊ ရေသွင်းရေထုတ်စနစ်တကျမှန်ကန်မြန်ဆန်စွာပြုလုပ်ခြင်းဖြင့် မြေချဉ်ငန်ကိန်းကို ထိန်းညှိခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို မွှေးရနံ့ဗီဇပျံ့လွင့်မှုမရှိစေရန် နေရောင်တွင် တိုက်ရိုက်နေလှန်းအခြောက်ခံခြင်းကို မပြုလုပ်စေဘဲ အခြောက်ခံစက်များတွင် အခြောက်ခံပြီးမှသာ ကြိတ်ခွဲခြင်းတို့ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါမွှေးရနံ့ဗီဇကို လွှမ်းမိုးသောအချက်များသိရှိပြီး လိုက်နာဆောင်ရွက်မှုကြောင့် ရွှေဘိုပေါ်ဆန်းဆန်ချက်ပြုတ်ရာတွင် ထမင်းသည် ထမင်းအလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်းတို့ကြောင့် စားသုံးသူပြည်သူများ ကြိုက်နှစ်သက်မှုများပြားလာပြီး ဈေးကွက်ရရှိလာခြင်းဖြစ်သည်။

**ရွှေဘိုပေါ်ဆန်းဆန်အရည်အသွေးကောင်းရန်**

ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်းရရှိရန်အတွက် ဓာတုပိုးသတ်ဆေးများသုံးစွဲမှုကို လျှော့ချပြီး စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများလိုက်နာဆောင်ရွက်ကြရန်လည်း လိုအပ်သည်။ ရွှေဘိုပေါ်ဆန်းမျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးသည့် စိုက်ခင်းများမှထွက်ရှိသည့်စပါးမျိုးများသည် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဆန်ထွက်ရာခိုင်နှုန်းကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သားကောင်းမွန်ခြင်းတို့ကြောင့် ဈေးကွက်ပိုမိုရရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူလယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ ဆန်အရည်အသွေးမြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့်ပိုမိုသုံးစွဲနိုင်ရေးကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ ရွှေဘိုပေါ်ဆန်း ဆန်အရည်အသွေးကောင်းရရှိရေးကိုလည်း အထူးအလေးထားဆောင်ရွက်ရန်လိုအပ်သည်။

ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုပေါ်ဆန်းစပါးများကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ပြီး စက်ရုံများရှိ အခြောက်ခံစက်များတွင် အခြောက်ခံပြီးနောက် အဆင့်မြင့်ဆန်စက်ကြီးများတွင် ကြိတ်ခွဲခြင်းကိုဆောင်ရွက်သည်။ အဆင့်မြင့်ဆန်စက်ကြီးများမှ ကြိတ်ခွဲပြီးဆန်များကို အရည်အသွေးပိုမိုကောင်းမွန်စေရန်အတွက် ဆန်ရွေးစက်(Color Sorter)တွင်ရွေးချယ်၍ အိုးဝင် ထူးထူးရှယ်၊ ဆန်လတ်ကြီး၊ ဆန်လုံး(အသေး)၊ ဆန်ကျော်၊ ဆန်လတ်(အသေး)နှင့် စွန့်သန့်ဆန်များကိုရရှိသည်။ ရရှိလာသောဆန်ထွက်ပစ္စည်းများအနက် အိုးဝင်ထူးထူးရှယ်များကို တစ်ကီလိုအိတ်၊ နှစ်ကီလိုအိတ်၊ သုံးကီလိုအိတ်၊ ခြောက်ကီလိုအိတ်၊ ၁၂ ကီလိုအိတ်၊ **စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

၂၄ ကီလိုအိတ်နှင့် ၄၈ ကီလိုအိတ် စသည့် အရွယ်အစားအမျိုးမျိုးဖြင့်ထုပ်ပိုးပြီး မြန်မာပြည်အနှံ့ ဈေးကွက်များနှင့် စူပါမားကက်များသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးနေသည်။ ရွှေဘိုပေါ်ဆန်းဆန်၏ ဈေးကွက်ခိုင်မာမှုကြောင့် မြန်မာနိုင်ငံဒေသအနှံ့ အပြား၌လည်း တိုးချဲ့စိုက်ပျိုးကြရန် အလားအလာကောင်းများလည်းရှိနေသည်။

**ရွှေဘိုပေါ်ဆန်းစပါး လက်ရှိအခြေအနေနှင့် အရည်အသွေးဆက်လက်ထိန်းရန်**

ရွှေဘိုပေါ်ဆန်းစပါးနှင့် ဆန်များ၏ထူးခြားကောင်းမွန်သည့်လက္ခဏာနှင့် အရည်အသွေးသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသဖြင့် စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်ရည်ဆန်သားကောင်းမွန်ခြင်း၊ စပါးစေ့ကြွေကျမှုနည်းသည့်အတွက် လေလွင့်ဆုံးရှုံးမှုသက်သာခြင်း၊ ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်းအလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်း၊ ဈေးကွက်ခိုင်မာခြင်းများကြောင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင်ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန်” World Best Rice အဖြစ် ရွေးချယ်သတ်မှတ်ခံရသည်။

ထို့အတွက် ရွှေဘိုပေါ်ဆန်းဆန်သည် လူသိများဈေးကွက်ဝင်ခဲ့သည်။ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အသုံးပြုပြီး မှန်ကန်သောစိုက်နည်းစနစ်များ၊ သွင်းအားစုများစနစ်တကျအသုံးပြုစိုက်ပျိုးသည့်အတွက် အထွက်နှုန်းကောင်းသည့်အပြင် အရည်အသွေးပါ ကောင်းမွန်သည့်စပါးများရရှိရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP)စနစ်ကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့်ဖွဲ့စည်းထားရှိပြီး ရွှေဘိုပေါ်ဆန်းဆန်(ဒေသဆိုင်ရာအညွှန်း Geographical Indication –GI)ရရှိရေးလုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်နေခြင်းသည် ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး GI ရရှိရန်ကိုလည်း အထူးအလေးထားဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်။

နိုင်ငံတော်အစိုးရသည် ပေါ်ဆန်းစပါးစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့ပေါ်ဆန်းဆန်အဖြစ် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေသည်။ ထို့ကြောင့် ရွှေဘိုပေါ်ဆန်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းကွင်းဆက်တစ်လျှောက်လုံးတွင် ပါဝင်ဆောင်ရွက်နေသော တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆက်စပ်ဌာနဆိုင်ရာများအားလုံး မြန်မာ့ပေါ်ဆန်းအဖြစ် တစ်ခေတ်ဆန်းစေရန်အတွက် အရည်အသွေးဆက်လက်ထိန်းသိမ်းရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး၊ ဘူရွန်ဒီနိုင်ငံသား ငါးဦး၊ ကင်ညာနိုင်ငံသား ငါးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦးနှင့် သီရိလင်္ကာနိုင်ငံသား သုံးဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၁ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံး၊ Assistance to Nationals/ Distressed Overseas Filipino Workers(OFWs) Unit မှ Case Officer and Interpreter(ENG/TH/PH) Ms. Maria Alexandra G. Contreras “Sandy” နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၅၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၄၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၁၅ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၇၆၆ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၄၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေးထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

# ဘိုကာရှီမြေဆွေးလက်တွေ့ပြုလုပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာ ပိုက်ဆန်လျှော်ကြဲပက်ခြင်းသရုပ်ပြ

လားရှိုး မေ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု ရေပူစမ်းကွင်းရှိ တောင်သူ ဦးဟော်၏စိုက်ခင်း၌ မြို့နယ်အတွင်းရှိ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လယ်ယာထွက်သီးနှံအကြွင်းအကျန်များနှင့် သဘာဝမြေဩဇာတို့ဖြင့်ရောစပ်၍ အီးအမ် ဘိုကာရှီ(EM Bokashi)မြေဆွေးလက်တွေ့ပြုလုပ်ခြင်းနှင့် သစ်စိမ်းမြေဩဇာပိုက်ဆန်လျှော်ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို မေလ ၁၈ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူများအား သီးနှံမျိုးစေ့၊ ဟင်းသီးဟင်းရွက်မျိုးစေ့နှင့်ရွက်ဖျန်းမြေဩဇာများ ပေးအပ်သည်။

ထို့နောက် လားရှိုးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းတိုးတိုးက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အခြေခံမျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်နှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၏အကျိုးကျေးဇူးများအား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသော တောင်သူများအား အီးအမ်ဘိုကာရှီ မြေဆွေးလက်တွေ့ပြုလုပ်ခြင်းနှင့်သစ်စိမ်း မြေဩဇာပိုက်ဆန်လျှော်ကြဲပက်ခြင်းများ အား လက်တွေ့သရုပ်ပြဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

## MWD Education, Knowledge & Sports Channel

၂၀-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade – 3/ Grade –4/ Grade – 5/ Grade – 6/Grade – 7 သင်္ချာ |
| ၂။ | ၁၅:၃၀ - ၁၇:၁၀ | Grade – 8/ Grade – 9 သင်္ချာ |
| ၃။ | ၁၇:၁၀ - ၁၈:၄၅ | Grade – 10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၈:၄၅ - ၂၁:၂၅ | Grade – 11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

## MWD Variety Channel

၂၀-၅-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၁:၅၀ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၄၅ | ရောင်စုံပျံ့သင်းစာပန်းခင်း |

★ **စာမျက်နှာ ၁၇ မှအဆက်**

ပညာအမွေပေးနိုင်ခြင်းဖြင့် ကောင်းမွန်သောအနာဂတ်ကို လမ်းဖွင့်ပေးနိုင်မည်ဖြစ်ပြီး လမ်းမှားမရောက်စေရေးအတွက်လည်း ထိန်းကျောင်းပေးရာရောက်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အနည်းဆုံးKG+9 တက်ရောက်အောင်မြင်အောင်တက်ရောက်သင်ကြားရန်လိုကြောင်း၊ KG+9(အခြေခံပညာအလယ်တန်းအဆင့်) တက်ရောက်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့တက်ရောက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မှီခိုသူသားသမီးများ၏ ပညာရည်မြင့်မားလာပါက တိုင်းပြည်အတွက်တစ်ထောင့်တစ်နေရာမှအထောက်အကူရလာမည်ဖြစ်ကြောင်း၊ အလားတူတပ်မှူးများသည် တပ်မတော်သားများ၏ အတန်းပညာမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာဖောက်မှု၊ ငွေကြေးရှုပ်ထွေးမှု၊ လူမှုရေးရှုပ်ထွေးမှု၊ မူးယစ်ဆေးဝါးမှုများသည် ခွင့်လွှတ်ပေး၍မရကြောင်း၊ ပြုပြင်ဆုံးမပေးနိုင်သော အပြစ်ဖောက်မှုများအတွက် ပြုပြင်ဆုံးမကာ သဘောပေါက်နားလည်စေခြင်းဖြင့် ထိန်းသိမ်းပေးရန်လို**ကြောင်း၊ တပ်ရင်းမှူးနှင့် တပ်ရင်းမှူးဇနီးသည် တပ်၏အမိအဖဖြစ်ပြီး တပ်တွင်လိုက်ပါနေထိုင်သည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏အလုပ်ကို ကူညီပေးရန်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်၍မရကြောင်း၊ **ခေါင်းဆောင်မှုကောင်းခြင်းဖြင့် မိမိကွပ်ကဲရသော အဖွဲ့အစည်းအတွက် အေးမြသောအရိပ်အာဝါသတစ်ခုကိုဖြစ်စေပြီး စည်းလုံးညီညွတ်မှုနှင့် တပ်နေပျော်ရေးကိုဖြစ်ပေါ်စေ**ကြောင်း၊ ကောင်းမွန်သောခေါင်းဆောင်မှုဖြင့် မိမိတပ်အပေါ် စေတနာထားကာ စည်းကမ်းကောင်းမွန်၍ စွမ်းရည်သုံးရပ်ထက်မြက်အောင်တည်ဆောက်ပေးနိုင်သော တပ်မှူးများကိုငင်းတပ်ရင်းက တသသအမှတ်ရနေမည်ဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ **စစ်သားဖြစ်၍ အမိန့်နာခံရမည်ဖြစ်ပြီး အမိန့်မှာတရားမျှတသောအမိန့်ဖြစ်ရန်လို**ကြောင်း။

သက်သာချောင်ချိရေးနှင့်တည်ဆောက်မှုအပိုင်းတွင် အထက်မှပေးထားသည့် သက်သာချောင်ချိရေးများရှိသကဲ့သို့ မိမိကိုယ်တိုင်ဆောင်ရွက်ရမည့် သက်သာချောင်ချိရေးများလည်းရှိပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုး/မွေးမြူရေးကို အောင်မြင်အောင်ဆောင်ရွက်ခြင်းသည် မိမိကိုယ်တိုင်ဆောင်ရွက်သည့် သက်သာချောင်ချိရေးပင်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် သက်သာချောင်ချိရေးကို လုပ်ဆောင်မည်ဆိုလျှင် တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ **တစ်ဦးချင်းစိုက်ပါက တစ်ဦးချင်းအကျိုးခံစားရပြီး တပ်ပိုင်ဆောင်ရွက်ပါက မိသားစုဝင်အားလုံးအကျိုးခံစားရမည်ဖြစ်၍ မိမိဒေသနှင့်ကိုက်ညီသော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်လို**ကြောင်း။

တပ်ရင်းတပ်ဖွဲ့များရှိ သက်သာဆိုင်များသည် မိသားစုဝင်များ အမှန်တကယ်သက်သာမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် စစ်သည်၊ မိသားစုများအနေဖြင့် ခြိုးခြံချွေတာရေးအား အသိစိတ်ဖြင့် လိုက်ပါလုပ်ဆောင်နိုင်ရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နေထိုင်ရေးအဆင်ပြေစေရန်ရေ၊ မီး၊ မိလ္လာမှစ၍အခြေခံလိုအပ်ချက်များကို အခက်အခဲများမရှိအောင် စစ်ဆေးပြုပြင်ပေးရန်လိုကြောင်း၊ ထို့အပြင် စစ်သည်များအနေဖြင့် မိမိတို့၏ အခက်အခဲများကို သတင်းပို့တင်ပြနိုင်စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

တိုင်းစစ်ဌာနချုပ်အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ် စသည့်အားကစားများတွင် တပ်မတော်ကိုယ်စားပြု၊ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်များမွေးထုတ်ပေးနိုင်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍မရနိုင်ဘဲ ပုံမှန်လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် “ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”မှာ အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အားနည်းချက်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့်အပိုင်းတွင် ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း။

အမျိုးသမီးစစ်မှုထမ်းများနှင့်ပတ်သက်ပါက ၎င်းတို့သည်တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်၍ မောင်နှမစိတ်မွေးရန်နှင့် လုပ်ဖော်ကိုင်ဖက်များအဖြစ်သဘောထားကာ ဖေးမလက်တွဲခေါ်ယူရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း မိမိကြောင့်မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်း ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူပြောဆိုနေထိုင်မှုများ ရှောင်ကြဉ်ရန်လိုကြောင်း၊ ရဲမေများသည် တပ်မတော်၏ အရန်အင်အားများဖြစ်ပြီး ရှူဒူဇွတ်၊ ကုန်းကြမ်း၊ လုပီ၊ ဝိန်းကောင်ဖြစ်စဉ်များတွင်ရဲမေများ၏ ရဲဝံ့စွန့်စားစွာ ရန်သူကိုတုံ့ပြန်တိုက်ခိုက်ခဲ့သည့် အစဉ်အလာမှတ်တမ်းကောင်းများရှိကြောင်း။

ပြည်သူ့စစ်မှုထမ်းများတွင် ကိုယ်တိုင်ဆန္ဒပြုဝင်ရောက်လာကြသူများရှိသကဲ့သို့ ဆင့်ခေါ်မှုအရ ဝင်ရောက်လာကြသူများလည်းရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာကြသော်လည်း တာဝန်ထမ်းဆောင်မှုပိုင်းတွင် ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ ယခုအခါအမှတ်စဉ်(၂)အထိ တာဝန်ထမ်းဆောင်မှုကာလပြည့်မြောက်ခဲ့ရာ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြု၍ အမှုထမ်းလိုသူများ အများအပြားတွေ့ရှိရသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲခေါ်ရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း တပ်မတော်က စစ်မှုထမ်းဟောင်းအိမ်ရာများဆောက်လုပ်ပေးကာ လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများအနေဖြင့် တပ်နယ်များရှိစစ်မှုထမ်းဟောင်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေးကာ တင်ပြချက်များအပေါ် အရေးတယူဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဆီဆိုင်ဒေသသည် အကြမ်းဖက်သောင်းကျန်းသူများ အလစ်အငိုက်ဝင်ရောက်တိုက်ခြင်းခံရပြီး တပ်နယ်များမှ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၏ ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိခဲ့ရာ ပါဝင်ခဲ့သူများအားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆီဆိုင်-ဘန်းယဉ်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ရိုးသားအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သော ဒေသဖြစ်သော်လည်း အနိုင်ကျင့်ဗိုလ်ကျလိုသော အကြမ်းဖက်သောင်းကျန်းသူများကြောင့်သာ အကျည်းတန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့်ထမ်းဆောင်၍မရဘဲ ပြည်သူပါဝင်မှသာရမည်ဖြစ်သောကြောင့် တပ်တွင်း/တပ်ပြင်စည်းလုံးညီညွတ်ရေးကိုဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ အင်အားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ တပ်ပြင်နှင့်ပတ်သက်ပါက ပြည်သူသာအမိ၊ ပြည်သူသာအဖဖြစ်သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင် လုပ်ရန်တာဝန်ရှိကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးတွင် ခေါင်းဆောင်မှုသည် လွန်စွာအရေးကြီး၍ သမာသမတ်ရှိပြီး မျှတစွာခေါင်းဆောင်နိုင်သည့် တပ်မှူးများဖြစ်ရန်လိုပြီး သတ္တိရှိရှိလုပ်ရဲကိုင်ရဲရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းဥပဒေကျော်လွန်ပြီး လုပ်ဆောင်ပါက မှားယွင်းမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင်တည်ဆောက်၍ နိုင်ငံတော်က အားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင်တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာကမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်များအလိုက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် တွေ့ဆုံပွဲများအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်နှင့်ဘန်းယဉ် တပ်နယ်များအတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်သည်မိသားစုများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနှင့်မလေးရှား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲကျင်းပ



**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ယနေ့တွင် နေပြည်တော်၌ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ ဥတမ ဟာဂျီ မိုဟာမက်ဘင် ဟာဂျီ ဟာဆန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး MGallery Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဆီယံဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆°c | / | ၃၇°c |
| ရန်ကုန် | ၂၆°c | / | ၃၈°c |
| မန္တလေး | ၂၆°c | / | ၃၈°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ပြင်ပအလင်းရောင်ကို အသုံးချပါ။ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့်စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

★ **ကျောဖုံးမှအဆက်**

နယ်မြေဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံများနှင့်အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးသွားရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်သည့်အခြေအနေများ၊ အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့်တပ်များဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ တောင်ကြီးတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

တွင် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌လည်းကောင်း သီးခြားစီသွားရောက် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် သမိုင်းအစဉ်အလာကြီးမားသော တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်၍ တာဝန်ထမ်းဆောင်ခွင့်ရသောအရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ဆင့်ကဲအုပ်ချုပ်မှုစနစ်ရှိပြီး အဆင့်လိုက်ခေါင်းဆောင်မှု တာဝန်ထမ်းဆောင်ရာတွင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်အောင် နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးနှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုရရှိမည်ဖြစ်ကြောင်း၊ တရားသောစစ်ကိုအောင်နိုင်ခြင်းသည် ပြည်သူ၏အားကိုးယုံကြည်မှုကိုရရှိမည်ဖြစ်ပြီး တပ်မတော်သည်နိုင်ငံ၏ Last Defence ဖြစ်၍ ခိုင်ခိုင်မာမာတည်ဆောက်နေရန်လိုကြောင်း။

နိုင်ငံတော်အတွက် အကျပ်အတည်းအချိန်ကာလများတွင် တပ်မတော်သည်

**❖ စစ်သားကောင်းတစ်ယောက်ဖြစ်အောင်နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးနှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျထိန်းကျောင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုရရှိမည်ဖြစ် . . .**

**❖ အရေးကြီးမှသွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေမည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လို . . .**

**❖ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် တပ်မတော်တစ်ရပ်တည်းနှင့်ထမ်းဆောင်၍မရဘဲ ပြည်သူပါဝင်မှသာရမည်ဖြစ်သောကြောင့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လို . . .**

**❖ တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့်ခိုင်မာကျစ်လျစ်အောင် တည်ဆောက်၍ နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင်တည်ဆောက် . . .**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အသင့်ဖြစ်ခဲ့၍ တိုင်းပြည်ပြိုကွဲမည့်အန္တရာယ်မှအချိန်မီတားဆီးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့အမြဲအသင့်ဖြစ်နေရန် စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရေးကောင်းစွာ လေ့ကျင့်နေရန်လိုကြောင်း၊ အရေးကြီးမှ သွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည် ဖြစ်စေ၊ မကြီးသည်ဖြစ်စေ မည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန်လိုကြောင်း၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကို အခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏မိသားစုအပေါ်သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ်သစ္စာရှိရန်၊ တပ်မတော်အပေါ်နှင့်နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုကြောင်း။

တပ်မှူးကောင်းသည် ပြောဆိုဆုံးမရန်လိုအပ်သည်ကို ပြောဆိုဆုံးမသကဲ့သို့ ဂုဏ်ပြုချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်ပေးရန်လိုကြောင်း၊ သဘောကောင်းသည်နှင့် စေတနာထားခြင်းသည် မတူညီကြောင်း၊ စေတနာထားသည်ဆိုသည်မှာ မဖြစ်သင့်မဖြစ်ထိုက်သည်များကို စဉ်းစားဆင်ခြင်ပြီး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဖြစ်သင့်ဖြစ်ထိုက်ခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ၊ ဘာသိဘာသာဖြင့် နေသာသလိုနေခြင်း၊ စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် အဆိုပါမိသားစုနှင့် အဖွဲ့အစည်းကိုပျက်စီးစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရန်အတွက် စစ်တိုက်တော်ရန် လိုပြီး စစ်ကျောင်းကြီးများအနေဖြင့် အပြည့်အဝလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တိုက်ပွဲဝင်စိတ်ဓာတ်ရှိအောင်ဆောင်ရွက်ရာတွင် စစ်တိုက်တတ်ရုံနှင့်မရဘဲ စိတ်ဓာတ်ကိုပါ ပြုပြင်ရမည်ဖြစ်သည့်အတွက် တိုက်ရဲအောင်၊ စိတ်ဓာတ်ကောင်းအောင် မိသားစုများ၏ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နောက်ဆံမငင်ရအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည် ထက်မြက်ရမည်ဖြစ်ကြောင်း။

Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ထက်မြက်နေရန်လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လိုကြောင်း၊ ခေတ်သစ်နည်းပညာအသုံးပြုထားသော စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့် ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတကာတပ်မတော်များနှင့် လိုက်လျောညီထွေမှုဖြစ်အောင်၊ တပ်မတော်၏ အရည်အသွေးကို မြှင့်တင်နိုင်ရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် လေ့ကျင့်ရေးလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏ စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားများဖြစ်သည့်အတွက် မိမိ၏မျိုးဆက်အပေါ် ပေးနိုင်သော အကောင်းဆုံးအမွေမှာ ပညာအမွေသာဖြစ်ကြောင်း၊ **စာမျက်နှာ ၁၅ သို့** ☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ဘန်းယဉ်တပ်နယ်မှ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice President U Nyo Saw receives H. E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar



Vice President U Nyo Saw receives H. E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar.


NAY PYI TAW May 19

U Nyo Saw, Vice President of the Republic of the Union of Myanmar, received H. E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar, this afternoon at the Guest Hall of the Office of the President in Nay Pyi Taw.

During the meeting, they cordially and openly discussed matters related to further strengthening and consolidating the existing diplomatic relations and close friendship between Myanmar and China; enhancing cooperation in trade and investment sectors, including joint projects to be implemented by the two countries; ensuring stability and peace in border regions; implementing the China-Myanmar Economic Corridor; combating online gambling and online fraud; and preventing and suppressing drug abuse, which is being carried out as a national duty.

The meeting was attended by Deputy Ministers U Khin Lat and U Naing Min Kyaw, along with officials, accompanying Vice President U Nyo Saw, as well as officials accompanying the Ambassador of the People's Republic of China to Myanmar. **Myawady**

# Pyithu Hluttaw Speaker U Khin Yi receives Ambassador of the People's Republic of China to Myanmar



Pyithu Hluttaw Speaker U Khin Yi receives Ambassador of the People's Republic of China to Myanmar.

NAY PYI TAW May 19

U Khin Yi, Speaker of the Pyithu Hluttaw, received H. E. Ms. Ma Jia, Ambassador of the People's Republic of China to Myanmar, today at 10:00 am at the Guest Hall of the Pyithu Hluttaw building, Hluttaw Complex, in Nay Pyi Taw.

During the meeting, the Pyithu Hluttaw Speaker expressed that China has always consistently supported Myanmar on the world stage, and expressed gratitude and acknowledgment for being the first to come and provide assistance after the great Mandalay earthquake. He also expressed support for the China-Myanmar strategic cooperative partnership and the efforts to build a community with a shared future, stating that the parliaments of China and Myanmar will cooperate more closely and intimately.

He continued that, through free and fair elections held in 2025, the three branches of power – the legislative, executive, and judiciary – emerged. He himself was elected as Speaker of the Hluttaw, the legislative branch. The Hluttaw is a body composed of people's representatives elected and entrusted according to the wishes of the people from respective constituencies. The Pyithu Hluttaw has four main duties: electing the Hluttaw Speaker, Deputy Speaker, and Vice Presidents; undertaking legislative processes; coordinating and collaborating among the three branches of power for national development and for the people to live in peace and security; and acting as an intermediary, representing the people to help them understand and cooperate with the government's policies.

He further explained that there are four standing committees that support the functioning of the Hluttaw, and in the upcoming Hluttaw term, temporary committees will also be formed. If necessary, commissions and working groups will be established. The government is currently vigorously implementing a 100-day plan for the people, and the Hluttaw will coordinate and participate as needed. Regarding online scams, the government is continuously conducting investigations and arrests. To effectively prevent and suppress online scams, a draft Anti-Online Scam Law has already been prepared. The Hluttaw will prioritize the enactment of this draft Anti-Online Scam Law during its upcoming second regular session.

The Ambassador of the People's Republic of China to Myanmar stated that cooperation will be enhanced according to the 5-year plan for the 15th joint cooperation between the two countries (2026-2030), which begins this year, and that efforts will continue to realize a China-Myanmar community with a shared future. She added that China has always consistently supported Myanmar, and that the National People's Congress of China was the first to send a congratulatory message expressing support for the parliaments that emerged from this election. She affirmed that they will continue to strive to build deeper relations between the parliaments of the two countries.

The meeting was attended alongside the Pyithu Hluttaw Speaker by the Deputy Speaker of the Pyithu Hluttaw, U Maung Maung Ohn, officials from the Pyithu Hluttaw office, and officials from the Chinese Embassy. **Myawady**

●● From Page - 20

maintained for many years. Therefore, the public strongly condemns and opposes such actions.

As the Tatmadaw has regained control of Mawtaung town, local residents are now able to return and resettle in their homes. Stability and peace are expected to return to the area, and cross-border trade flows and transportation activities between the two countries via the Taninthayi-Mawtaung route will be able to resume. In addition, the socio-economic conditions of local residents, including healthcare and education, are expected to improve. Local residents reportedly expressed joy over these developments and warmly welcomed the Tatmadaw columns with victory flowers and congratulatory garlands. These developments are being presented with pride for the victorious members of the Myanmar Tatmadaw engaged in combat operations. **100**

# Tatmadaw columns totally reoccupy Mawtaung temporarily controlled by KNU, KNLA and PDF terrorists, to resume regional development and bilateral trade flow

Tatmadaw columns recapture Mawtaung town that had been temporarily controlled by terrorist insurgent coalition groups.



Tatmadaw columns recapture the local police station in Mawtaung town that had been temporarily controlled by terrorist insurgent coalition groups.



Tatmadaw soldiers conducting mine clearance operations inside Mawtaung town.



Weapons, ammunition, and related material captured from terrorist insurgent coalition groups.



Weapons, ammunition, and related material captured from terrorist insurgent coalition groups.



Weapons, ammunition, and related material captured from terrorist insurgent coalition groups.



Weapons, ammunition, and related material captured from terrorist insurgent coalition groups.

NAY PYI TAW May 19

Mawtaung, located in Tanintharyi Township, Myeik District, Tanintharyi Region, is the easternmost town in the southern part of Myanmar. The town is sharing border with Thailand and serves as a border trade station of Myanmar. In exporting Myanmar's marine products and locally produced goods to Thailand through the Myeik-Mawtaung route and onward to Thailand is the shortest, taking about seven hours. Mawtaung is also an economically important border town.

As Mawtaung is an important border town for the State, the innocent and law-abiding civilians living and working there were allegedly influenced and incited by the terrorist groups CRPH and NUG. In addition, KNU, KNLA, and PDF terrorists recruited and misled them with political incentives such as "democracy" and "regional development," and provided them with terrorist training, thereby transforming them into terrorists. These groups then launched a surprise attack on the security forces stationed in Mawtaung using overwhelming force. Tatmadaw columns resisted with full determination, prioritizing the defence of Mawtaung and preventing it from falling into enemy hands. However, due to the enemy's continuous reinforcement of troops, the increasing number of casualties among officers and other ranks on their own side, and the need to minimize damage and destruction to the homes and properties of local civilians, they conducted successive defensive actions and carried out a tactical withdrawal. As a result, Mawtaung was temporarily occupied by the combined terrorist groups on 14 November 2025.

Mawtaung has a cross-border trade station between the two countries, where marine products and agricultural goods from the Taninthayi Region are officially exported to Thailand, while goods from the neighbouring country also enter Myanmar. However, due to the violent activities of KNU, KNLA, and PDF terrorists, cross-border trade flows were suspended, resulting in significant losses to the socio-economic lives of local residents, including education and healthcare. In addition, these groups allegedly collaborated with corrupt opportunists to illegally extract and sell the State's natural resources for their own benefit.

Accordingly, Tatmadaw columns carried out necessary preparations and force restructuring to retake and regain control of Mawtaung, which had been temporarily occupied by KNU, KNLA, and PDF terrorists, and to reopen the Taninthayi-Yephyu–Theinkhun-Thaephyu-Mawtaung route. The units were deployed in separate columns, established successive footholds step by step, and launched a counter offensive from 5 May 2026 with a determined "fight at all costs" spirit, prioritizing mission completion over personal safety. As a result, the Tatmadaw columns successfully regained full control in stages: Point 271 hill on 9 May, two temporary defensive positions near Phaungseik Village on 12 May, Phaungseik Village on 13 May, Hnonpwa Village

See Page - 20



The destruction of Bridge No. 8 by planted mines during the temporary control by terrorist insurgent coalition groups.



The destruction of Bridge No. 9 by planted mines during the temporary control by terrorist insurgent coalition groups.





Record of damage to Bridge No. 9 due to mine blasting and destruction by terrorists.

■■ From Page - 21

He also stated that treason against the State and Tatmadaw, financial misconduct, social misconduct, and drug offenses are unforgivable. He noted that for misconduct that can be corrected through discipline, it is necessary to guide and correct personnel to ensure they understand and maintain proper discipline. He added that the battalion commander and his wife are the parents of the unit, and while officers' wives living in cantonment are to assist with their husbands' work, they must not interfere. By providing good leadership, a cool shelter is created for the organization under command, leading to unity and a pleasant environment to live and serve. He concluded that a battalion will always fondly remember and respect those commanders who harbor goodwill towards their unit, maintain excellent discipline, and build sharp capabilities in all three areas through good leadership.

Then, he stated that administrative capability plays a crucial role in Tatmadaw, and if administration is poor, both military and organizational capabilities will suffer. He noted that administrative capability requires broad consideration and implementation, including food, housing, transport, living conditions, and the enforcement of military discipline, and officials must maintain these efforts. He emphasized that being soldiers, they must obey orders, and those orders must be fair and just.

He stated that in terms of welfare and construction, just as there are welfare provisions provided by higher authorities, there is also welfare that personnel must manage on their own, and successfully carrying out small-scale agriculture and livestock farming is part of self-managed welfare. He noted that if welfare is implemented properly, it will also support internal unity within the unit. He explained that if individuals cultivate on their own, they will benefit individually, and if it is carried out as a unit-owned project, all family members will benefit, so it is necessary to successfully undertake agriculture and livestock farming operations that suit their respective regions.

Non-profit shops in battalions and units are required to actually contribute to the welfare of families while it is necessary for personnel and family members to practice frugality conscientiously. Responsible officers must ensure the convenient living of personnel by checking and taking action against difficulties for basic needs including water and electricity supply and sewage. Moreover, measures must be taken to enable personnel to report their difficulties.

The regional military command is required to nurture outstanding athletes who can represent the country in sport categories including football, volleyball, shooting, boxing, track and field.

Health and fitness are not instantaneous and require regular training and cultivation. "Health, fitness and high education standards," one of the essentials of enhancing the capabilities of the Tatmadaw, is important. There are cases in which performance of national defence duties is undermined by poor health and it is necessary to take care of one's food and lifestyles to lead a healthy life as work can be done only when one is healthy.

As female personnel represent a force of the Tatmadaw, it is necessary to give them helping hands as colleagues out of the sibling spirit and female personnel are required to eschew behaviours that can damage the image of one's surroundings and institutions. Spouses-in-arm are a reserved force for the Tatmadaw and there were fine traditions and records of spouses-in-arm encountered bravely against enemies in Shadu Zup, Kone Gyan, Lupi and Wainekaung incidents.

There are people's military service personnel who joined the Tatmadaw voluntarily as well as those who did so under the law. Although they joined the Tatmadaw for different reasons, their performance is satisfactory. Batch-2 of people's military service personnel have completed their service terms and as it was found that many of them chose to continue to serve in the Tatmadaw, they are warmly welcome and it is necessary to give them helping hands out of camaraderie. Moreover, the Tatmadaw has been providing assistance to war veterans and their families, one of the reserved forces of the Tatmadaw, by building war veteran housing complexes and carrying out necessary administrative and assistant matters. Responsible officers from respective stations are required to visit families of war veterans and to fulfill the needs reported.

Hsi Hseng area faced surprise attacks by terrorist insurgents but regional stability has been maintained with the counterattacks of officers, other ranks and spouses-in-arm. Everyone participating in the counterattack are documented and honoured. Although local national races residents in Hsi Hseng-Banyin want to lead simple and peaceful lives, terrorist insurgents who wanted to bully them made the region ugly.

As it is impossible for the Tatmadaw alone to carry out national defence duties successfully and it requires the participation of the people, priority must be given to unity inside and outside the Tatmadaw. It is necessary to strengthen the forces for unity inside the Tatmadaw while it is the responsibility of the Tatmadaw to build unity with the people as they are mothers and fathers of the Tatmadaw.

Leadership plays a very important role in the internal unity of the Tatmadaw and officers are required to be commanders who can lead their units honestly in equal terms while carrying out tasks bravely. In doing so, it is necessary to perform duties in accordance with rules and regulations and actions that bypass rules and regulations will be wrong.

As the internal unity of the Tatmadaw is of utmost importance, personnel are urged to build units that the country and the people can rely on by consolidating their strength. Then, the Commander-in-Chief of Defence Services attended to the needs of individual officers, personnel and spouses-in-arm by coordinating with responsible officers.

After the meeting, the Commander-in-Chief of Defence Services presented foodstuffs for officers, other ranks and families and Daw Nilar, the wife of the Commander-in-Chief of Defence Services, presented cash rewards for the maternal and child welfare associations to the commander and responsible officials.

Then, the Commander-in-Chief of Defence Services and party cordially greeted officers, other ranks and families from respective stations.

Afterward, the Commander-in-Chief of Defence Services and party inspected the battalions and units in Hsi Hseng and Banyin stations by car and cordially greeted personnel and their families.

100

---

●● From Page - 19

on 15 May, No. (5) Village on 16 May, No. (3) Village on 17 May, No. (1) Village on 18 May, and finally, Mawtaung town at 4 pm on 19 May. During their retreat, KNU, KNLA, and PDF terrorists allegedly disregarded the interests of local civilians and carried out malicious acts, including the planting and detonation of mines that destroyed the bridges at No (9) Village and No. (8) Village.

Tatmadaw columns, prioritizing mission completion over their own lives, bravely carried out successive counter offensives to retake Mawtaung town and the surrounding area. In the course of operations, a total of 207 engagements—both major and minor clashes—took place with the terrorist groups. From the enemy, 24 bodies, 25 assorted weapons, as well as ammunition and related equipment were seized. Some Tatmadaw officers and other ranks also heroically sacrificed their lives for the State and the Tatmadaw.

During the period when the terrorist coalition groups temporarily occupied Mawtaung town, they allegedly used government administrative buildings, hospitals and clinics, schools, religious buildings, and local residential homes as defensive strongholds in order to disrupt State administrative functions. They also planted and detonated mines to destroy roads and bridges used by the public. Furthermore, KNU, KNLA, and PDF terrorists allegedly carried out unprovoked attacks and destruction of key border trade and economic zones, roads, bridges, and basic infrastructure. These actions not only disrupted cross-border trade flows but also caused severe harm to the socio-economic lives of local residents. In addition, natural resources from the Mawtaung-Kyeinchaung area were illegally extracted and smuggled for sale to the neighbouring country, resulting in significant losses to State revenue.

In addition, KNU, KNLA, and PDF terrorists allegedly exploited instability in border areas during their temporary control of border towns to engage in transnational crimes such as drug trafficking, human trafficking, arms smuggling, and online fraud. These activities undermined stability in border areas and trade of both countries. As a result of these reckless and violent actions carried out by the insurgent coalition groups, local residents suffered severe socio-economic losses and the hardships of conflict. Many were forced to abandon their homes and temporarily relocate to safer areas in search of stability and peace.

Therefore, Tatmadaw columns are currently undertaking efforts to ensure that local residents who were temporarily displaced can safely return to live in Mawtaung town, to enable government administrative mechanisms to resume operations as quickly as possible, and to prioritize the clearance and detection of landmines maliciously planted by the terrorist groups. Schools destroyed by the insurgents will also be repaired as soon as possible so that school-age children can resume their education. In addition, efforts will be made to reopen hospitals and clinics in order to provide healthcare services to local residents, and repair work on government office buildings, religious structures, and residential homes will be carried out as quickly as possible in cooperation with local ethnic communities. Security forces will also continue to intensify counter-terrorism operations to completely eliminate insurgent groups from the Taninthayi Region.

Border areas shared by the two countries are vital lifelines for bilateral economic, social, and diplomatic cooperation. Armed terrorist activities carried out in these important border regions by KNU, KNLA, and PDF terrorists not only seriously harm the long-term interests of both countries, but also greatly undermine the friendship and good-neighbourly relations that have been firmly

See Page - 18●●

# Commander-in-Chief of Defence Services General Ye Win Oo inspects staff, adjutant and quartermaster functions of Eastern Command HQ, meets officers, other ranks and families from Taunggyi, Hsi Hseng and Banyin stations



Commander-in-Chief of Defence Services General Ye Win Oo meets officers, other ranks and families of Taunggyi Station.

NAY PYI TAW May 19

Commander-in-Chief of Defence Services General Ye Win Oo accompanied by Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) Lt-Gen Tun Win, and senior military officers from the Office of the Commander-in-Chief, inspected staff, adjutant and quartermaster functions and operations for area security and rule of law of the Eastern Command HQ this morning.

At the meeting hall of the command HQ, General Ye Win Oo heard a report on brief history of the command, operations for enforcing area security, area domination and rule of law and functions in relation to staff, adjutant and quartermaster affairs of the command.

In response, the General said soldiers shouldering duties in the Eastern Command area must understand its history and objective conditions. Besides, they must join hands with the local people in ensuring peace and stability and progress of the area. He also gave guidance on improving the combat capability and fighting power of battalions and units under the command. Only if morale and discipline of the leaders at all levels are good, will the combat capability and fighting power of troops be high. In this regard, training must be conducted for every soldier to have good morale, discipline and conviction, he noted.

Commander-in-Chief of Defence Services General Ye Win Oo also met officers, other ranks and families from Taunggyi Station at the hall of the command HQ in the morning and those of the Hsi Hseng and Banyin stations at the local battalions in the afternoon.

Also present at the meetings were Daw Nilar, wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) Lt-Gen Tun Win and wife, senior military officers from the Office of the Commander-in-Chief and wives, the Eastern Command commander, and officials.

In his speech, the General said officers and other ranks can take pride in the opportunity to serve at the historic and prestigious command. The Tatmadaw has a chain of command and leaders at all levels must give a correct command in accord with the qualifications of a leader in discharging duties. Tatmadawmen must act as a true soldier, live in accord with the 60 codes of conduct and systematically control their units to win public trust and reliance. They will win the trust and reliance of the people by winning the just war. They must strengthen the Tatmadaw as it is the last defence of the nation.



General Ye Win Oo cordially converses with Tatmadawmen.

As the Tatmadaw always remains ready in times of national crises, it could protect the nation from disintegration. To remain always prepared, training is essential for the Tatmadaw to become a powerful force. Blood runs thicker in times of a crisis, but the spirit of unity must remain high whether the time is critical or not. Based on their love for the country and Tatmadaw, soldiers must be loyal to themselves, families, community, the Tatmadaw and the country.

A good commander must admonish his subordinates or honour them as necessary. Being good-natured and having good intentions are different from one another. Good intention amounts to steering the subordinates away from the wrong path and towards the correct way. Taking an easygoing way or turning a blind eye to rule violations will lead to ruining a family or an organization.

There can be battles to defend the country, and the military schools must provide the best professional training courses. As the military knowledge alone cannot nurture combat spirit, morale must be changed. Hence, soldiers must be trained to possess the courage to fight and good morale, alongside the arrangement to ensure that their families are fully provided with all the necessary basic needs. A soldier's profession is to fight and to fight well, his combat capability must be high.

He stated that to become a Standard Army, it is necessary to maintain sharp combat capability and combat power, and to study and remain aware of changing modern warfare and technologies. He noted that personnel must be proficient in practically applying modern technology-driven military equipment and be able to engage in combat by integrating their own initiative. He emphasized that training must be conducted to ensure physical fitness, proficiency, and courage. As it is a technological era, he added that the training processes of "Study, Practise, Comply" must be followed to harmonize with international militaries and elevate the quality of Tatmadaw. Regarding obedience, he explained that it exists individually and collectively, and since Tatmadaw operates on a team-based system, individual capabilities must be combined to build collective organizational capability.

He stated that as military personnel, the best legacy they can leave for their generation is the legacy of education, and providing this legacy will open the way to a bright future and help guide them from going down the wrong path. He noted that Tatmadaw is providing the necessary support to elevate the education standards of the children of military families, emphasizing that students from military families need to attend and complete at least KG+9 education. He explained that those who have completed KG+9 (basic education middle school level) will be able to attend industrial institutes, agricultural institutes, and livestock breeding institutes, and raising the education level of dependent children will eventually benefit the country from various sectors. Similarly, he added that commanders must prioritize raising the academic education levels of military personnel.

**See Page - 20**

# ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၉

ပင်လယ်ငါးလုပ်ငန်းဥပဒေ (မူကြမ်း) နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းတို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တည်ဆဲငါးလုပ်ငန်းနှင့် သက်ဆိုင်သည့်ဥပဒေများသည် ပြောင်းလဲလာသောအခြေအနေအရ ခေတ်ကာလနှင့်လျော်ညီမှုမရှိခြင်း၊ လက်တွေ့နယ်ပယ်နှင့်များစွာကွာခြားလာခြင်း၊ နိုင်ငံတကာမှကျင့်သုံးနေသောဥပဒေ၊ နည်းဥပဒေများနှင့် လိုက်လျောညီထွေမှုမရှိခြင်းတို့ကြောင့် ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကို ရေးဆွဲရခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသောနိုင်ငံဖြစ်သည့်အတွက် ဥပဒေ(မူကြမ်း)များသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့် ယခင်လွှတ်တော်တွင်ပြဋ္ဌာန်းရန်ကျန်ရှိသည့်ဥပဒေများအနက် အရေးကြီး၍ သင့်တင့်သည့် ဥပဒေများကို လာမည့်လွှတ်တော်တွင်တင်ပြနိုင်ရေး ဝန်ကြီးဌာနများက ပြင်ဆင်ထားရန်နှင့် ပင်လယ်ငါးလုပ်ငန်းဥပဒေ(မူကြမ်း)တွင် လက်ရှိကာလအခြေအနေနှင့်ညီအောင် ပြင်ဆင်ရန်လိုအပ်ချက်များကို ညှိနှိုင်းပြင်ဆင်ပြီးပါက ဥပဒေပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ မြဝတီ

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများဆက်လက်ကျင်းပပြုလုပ်





အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ RC လေယာဉ်မောင်းပြိုင်ပွဲယှဉ်ပြိုင်စဉ်။





အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ RC ရဟတ်ယာဉ်မောင်းပြိုင်ပွဲယှဉ်ပြိုင်စဉ်။

နေပြည်တော် မေ ၁၉

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းသားများသည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ဒုတိယနေ့အဖြစ် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများဆက်လက်ကျင်းပပြုလုပ်ခဲ့ကြသည်။

နံနက်ပိုင်းတွင် RC လေယာဉ်မောင်းပြိုင်ပွဲကိုကျင်းပပြုလုပ်ခဲ့ရာ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့် သင်တန်းစခန်း ၂၀ မှ သင်တန်းသားများ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

၎င်းနောက် မွန်းလွဲပိုင်းတွင် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ RC ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်ကြသည်။

လေကြောင်းလူငယ်သင်တန်းသားများအနေဖြင့် ပျံသန်းမှုဆိုင်ရာအခြေခံသဘောတရားများ၊ လေယာဉ်/ရဟတ်ယာဉ်များ၏ တည်ဆောက်ပုံဆိုင်ရာအခြေခံသဘောတရားများအား သိရှိစေရန် ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ/ဆရာမများနှင့် သင်တန်းသားများက တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဘယ်လိုမှဖျက်ဆီးလို့မရမယ့် ရုရှားနဲ့ တရုတ်ရဲ့ မဟာမိတ်ကျောက်တိုင်

လက်ရှိ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့ သံတမန်ရေးရာလှုပ်ရှားမှုတွေကို ကြည့်လိုက်ရင် ဝေဖန်သုံးသပ်သူတွေကြားထဲမှာ အရင်က ခေတ်စားခဲ့ဖူးတဲ့ ရုရှား၊ တရုတ်နဲ့ အမေရိကန်တို့ကြားက တြိဂံမဟာမိတ်အသစ်တစ်ခုအကြောင်း တစ်ကျော့ပြန် ခေတ်စားလာတာကိုတွေ့ရမှာပါ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံကိုရောက်ပြီး ရက်ပိုင်းအကြာမှာပဲ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း တရုတ်နိုင်ငံကို ဆက်တိုက်ဆိုသလို ရောက်လာတာဆိုတော့ ဒါကိုကြည့်ပြီးလူတွေက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ တမင်သက်သက် အချိန်ကိုက်လုပ်တာလို့ ထင်ကြပေမယ့် လက်တွေ့မှာတော့ ဒါကိုတိုက်ဆိုင်မှုလို့ ပြောရင်ပိုမှန်ပါတယ်။ ဘာလို့လဲဆိုတော့ ပူတင်ရဲ့ ခရီးစဉ်က လပေါင်းများစွာကတည်းက ကြိုတင်ပြင်ဆင်ထားတာဖြစ်သလို၊ ရုရှားနဲ့ တရုတ်ခေါင်းဆောင်တွေ တွေ့ကြတာကလည်း အခုဆိုရင် ပုံမှန်ကိစ္စတစ်ခုလို ဖြစ်နေလို့ပါ။




ကမ္ဘာ့နိုင်ငံရေးရှုထောင့်ကကြည့်ရင် ဒီသုံးနိုင်ငံအကြောင်းကိုတွဲတွေးကြတာမဆန်းပါဘူး။ ရုရှား၊ တရုတ်နဲ့ အမေရိကန်ဟာ ကမ္ဘာကြီးကို ပုံဖော်နိုင်စွမ်းအရှိဆုံး အင်အားကြီးနိုင်ငံတွေ ဖြစ်နေတာကြောင့်ပါ။ အမေရိကန်မှာ စစ်ရေးနဲ့ ဘဏ္ဍာရေးအာဏာရှိတယ်၊ တရုတ်မှာ စက်မှုလုပ်ငန်းနဲ့ စီးပွားရေးအင်အားရှိတယ်၊ ရုရှားမှာကျတော့ စီးပွားရေးထက် ကျော်လွန်တဲ့ ပထဝီနိုင်ငံရေးဩဇာရှိတယ်။ ဒါကြောင့် သူတို့သုံးနိုင်ငံ ဘာပဲလုပ်လုပ် ကမ္ဘာ့အင်အားချိန်ခွင်လျှာကို လှုပ်ခတ်သွားစေတာအမှန်ပါပဲ။ သို့သော် သူတို့ကြားကဆက်ဆံရေး သဘောသဘာဝတွေကတော့ လုံးဝကိုကွဲပြားပါတယ်။

အမေရိကန်နဲ့ တရုတ်ကတော့ ယာယီမဟုတ်တဲ့ ရေရှည်မဟာဗျူဟာမြောက် ပြိုင်ဘက်တွေဖြစ်နေကြတာပါ။ ဒီနှစ်နိုင်ငံရဲ့ ပြိုင်ဆိုင်မှုသမိုင်းကြောင်းကို ပြန်ကြည့်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက စီးပွားရေးအရ တစ်ဖက်နဲ့တစ်ဖက် ခွဲလို့မရအောင် တွဲနေခဲ့ကြတာပါ။ တရုတ်ကကုန်ပစ္စည်းတွေကို ဈေးပေါပေါနဲ့ထုတ်ပေးတယ်၊ အမေရိကန်က အဲဒီကုန်ပစ္စည်းတွေကို ဝယ်ယူစားသုံးပြီး တရုတ်နိုင်ငံဆီကို ဒေါ်လာတွေ အလုံးအရင်းနဲ့စီးဝင်စေခဲ့ပါတယ်။ နိုင်ငံရေးအရ ဘယ်လောက်ပဲစကားများများ စီးပွားရေးအကျိုးအမြတ်က အရာရာကိုဖုံးလွှမ်းသွားခဲ့တာပါ။ ဒါပေမဲ့ အခုအချိန်မှာတော့ အဲဒီလို အဆင်ပြေခဲ့တဲ့ ရွှေခေတ်ကြီးဟာကုန်ဆုံးသွားပါပြီ။ အမေရိကန်က တရုတ်ရဲ့နည်းပညာတိုးတက်မှုကို ပိတ်ဆို့ဖို့ကြိုးစားလာတဲ့အခါ တရုတ်ကလည်း လွယ်လွယ်နဲ့အလျှော့မပေးတော့ပါဘူး။ အထူးသဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းနည်းပညာတွေ၊ အဆင့်မြင့် ကွန်ပျူတာချစ်ပြားတွေနဲ့ ပတ်သက်ပြီး အမေရိကန်က တရုတ်ဆီမရောက်အောင် ပိတ်ဆို့လာတဲ့အခါ တရုတ်နိုင်ငံကလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့အတွက် ကိုယ်ပိုင်နည်းပညာတွေကို အပြင်းအထန် တီထွင်လာပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ တရုတ်က မြေရှားဒြပ်စင်တင်ပို့မှုကို ကန့်သတ်လိုက်တာဟာ အမေရိကန်ကို ပြန်တုံ့ပြန်နိုင်တဲ့လက်နက် ကိုယ့်ဆီမှာရှိနေတယ်ဆိုတာကို ပြသလိုက်တာပါပဲ။ နည်းပညာမြင့်ပစ္စည်းတွေ ထုတ်လုပ်တဲ့နေရာမှာမရှိမဖြစ်လိုအပ်တဲ့ မြေရှားဒြပ်စင်တွေကို တရုတ်က ကမ္ဘာပေါ်မှာအများဆုံးထိန်းချုပ်ထားနိုင်တာဖြစ်တဲ့အတွက် ဒါကိုပိတ်လိုက်တာဟာ အမေရိကန်ရဲ့စက်မှုကဏ္ဍကို တိုက်ရိုက်ထိုးနှက်လိုက်တာနဲ့အတူတူပါပဲ။ အခုဆို အမေရိကန်ရဲ့ ဖိအားပေးမှုဟာ သမ္မတတစ်ဦးတည်းရဲ့မူဝါဒကြောင့်မဟုတ်ဘဲ အမေရိကန်ရဲ့ ပင်ကိုမူဝါဒတည်ဆောက်ပုံကိုက ပြောင်းလဲသွားတာလို့ မြင်လာကြပါတယ်။ အိမ်ဖြူတော်မှာ ဘယ်သူကသမ္မတဖြစ်ဖြစ် အမေရိကန်ရဲ့ အဓိကရည်မှန်းချက်ဟာ တရုတ်ရဲ့ အင်အားကြီးမားလာမှုကို ထိန်းချုပ်ဖို့ပဲလို့ တရုတ်ကသေချာပေါက်သိသွားခဲ့ပါပြီ။ စီးပွားရေးနောက်ဆက်တွဲဆိုးကျိုးကကြီးမားလွန်းလို့ ဘယ်သူမှ လုံးဝဥဿုံပြိုကွဲသွားတာမျိုးတော့ မလိုလားပေမယ့် ရေရှည်ပြိုင်ဆိုင်မှုကိုတော့ ရှောင်လွှဲလို့မရဘူးဆိုတာ နှစ်ဖက်စလုံးက လက်ခံထားကြပုံရပါတယ်။

တစ်ဖက်မှာ ရုရှားနဲ့ တရုတ် ဆက်ဆံရေးကတော့ လုံးဝခြားနားတဲ့ အခြေခံပေါ်မှာရှိနေပါတယ်။ သူတို့က တစ်ဦးကိုတစ်ဦး ပြိုင်ဘက်လို့မမြင်ဘဲ ယူရေးရှားကုန်းမြေကြီးကိုဗဟိုပြုကာ ပထဝီနိုင်ငံရေးအရ အတူတကွလက်တွဲရမယ့် မဟာဗျူဟာမြောက် မိတ်ဖက်တွေလို့မြင်ကြပါတယ်။ ဒီနေရာမှာ ယူရေးရှားကုန်းမြေကြီးရဲ့ အရေးပါပုံကိုထည့်ပြောရပါလိမ့်မယ်။ သမိုင်းတစ်လျှောက်မှာ ကမ္ဘာကြီးကိုစိုးမိုးချင်တဲ့သူတွေဟာ ဒီယူရေးရှားကုန်းမြေကြီးကို အရင်ဆုံးထိန်းချုပ်ဖို့ ကြိုးစားခဲ့ကြတာပါ။ ရုရှားနဲ့ တရုတ်ဟာ ဒီကုန်းမြေကြီးရဲ့ အဓိကအစိတ်အပိုင်းတွေကို ပိုင်ဆိုင်ထားတဲ့ အိမ်နီးနားချင်းတွေဖြစ်နေကြပါတယ်။ အခုအချိန်မှာ အရှေ့ဥရောပမှ အရှေ့အလယ်ပိုင်းအထိ၊ ယင်းမှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာအထိဖြစ်လာနိုင်တဲ့ စစ်ရေးပဋိပက္ခတွေကြားထဲမှာ သူတို့နှစ်နိုင်ငံအနေနဲ့ တည်တည်ငြိမ်ငြိမ် ပူးပေါင်းဆောင်ရွက်ဖို့က မဖြစ်မနေလိုအပ်ချက်တစ်ခုဖြစ်လာတာပါ။ ကမ္ဘာ့အာရုံစိုက်မှုတွေ ဘာကြောင့် အရှေ့ဘက်ကိုလှည့်နေရသလဲဆိုတာကလည်း ဒီအချက်ကြောင့်ပါပဲ။

အခုဆို သူတို့နှစ်နိုင်ငံရဲ့ မဟာမိတ်ဟာ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်တင်မကဘဲ နည်းပညာနဲ့ စစ်ရေးအထိပါဝင်လာပြီး ကမ္ဘာ့နိုင်ငံရေးကြီးကိုပါ ပြောင်းလဲစေတဲ့ အင်အားစုကြီးဖြစ်လာပါတယ်။ အထူးသဖြင့် စွမ်းအင်ကဏ္ဍမှာ ရုရှားကထွက်တဲ့ သဘာဝဓာတ်ငွေ့နဲ့ ရေနံတွေကို တရုတ်နိုင်ငံက အလုံးအရင်းနဲ့ဝယ်ယူနေပြီး တရုတ်နိုင်ငံကထွက်ရှိတဲ့ စက်မှုကုန်ပစ္စည်းတွေနဲ့ နည်းပညာတွေကို ရုရှားကပြန်ပြီးအမှီပြုနေပါတယ်။ ဒါဟာ တစ်ဦးနဲ့တစ်ဦး အပေးအယူမျှမျှနဲ့ အလွန်အဆင်ပြေတဲ့ ဆက်ဆံရေးမျိုးပါ။ ဒါတင်မကသေးဘဲ ငွေကြေးစနစ်မှာလည်း အမေရိကန်ဒေါ်လာကို အသုံးမပြုတော့ဘဲ ကိုယ်ပိုင်ရူဘယ်ငွေနဲ့ ယွမ်ငွေတွေသုံးပြီး တိုက်ရိုက်ကုန်သွယ်လာကြတာဟာ အမေရိကန်ရဲ့ ဘဏ္ဍာရေးပိတ်ဆို့မှုလက်နက်ကို အသွားတုံးသွားစေခဲ့ပါတယ်။ ဒါကြောင့်လည်း အမေရိကန်က ကမ္ဘာ့ထိပ်တန်းနေရာကို ဆက်ထိန်းထားနိုင်ဖို့ ရုရှားနဲ့ တရုတ်ကြားမှာ ကြားဝင်နိုင်ရေးအပြင်းအထန်ကြိုးစားလာနေတာပါ။ အနောက်အုပ်စုက မဟာဗျူဟာပညာရှင်တွေက အမေရိကန်အနေနဲ့ ရုရှားကိုဖြစ်စေ၊ တရုတ်ကိုဖြစ်စေ တစ်ဖက်ဖက်ကိုဆွဲဆောင်ပြီးစည်းရုံးရမယ်လို့ အမြဲတမ်းအကြံပြုနေကြတာပါ။ ဒါပေမဲ့ လက်တွေ့မှာတော့ အမေရိကန်ဖိအားပေးလေလေ၊ ရုရှားနဲ့ တရုတ်က ပိုပြီး ပူးပေါင်းမိလေလေဖြစ်နေတာအားလုံးအမြင်ပဲဖြစ်ပါတယ်။

ရုရှားနဲ့ တရုတ်ကြားမှာလည်း သမိုင်းကြောင်းနဲ့ ကိုယ်ပိုင်အကျိုးစီးပွားတွေကြောင့် ကုန်သွယ်ရေးဒါမှမဟုတ် ဒေသတွင်းလွှမ်းမိုးမှုဆိုင်ရာ အသေးအဖွဲ့သဘောထားကွဲလွဲမှုတွေနဲ့ အငြင်းပွားမှုတွေရှိတာပေါ့။ သမိုင်းကိုပြန်ကြည့်ရင် သူတို့နှစ်နိုင်ငံကြားမှာ နယ်စပ်ပြဿနာတွေ၊ စစ်အေးကာလမှာ သဘောထားကွဲလွဲမှုတွေလည်း ရှိခဲ့ဖူးပါတယ်။ အလယ်အာရှဒေသမှာ ဘယ်သူက ပိုဩဇာညောင်းမလဲဆိုတာမျိုး၊ ရုရှားရဲ့ အရှေ့ဖျားဒေသထဲကို တရုတ်လူမျိုးတွေ စီးပွားရေးအရ ဝင်ရောက်လာတာကို ရုရှားဘက်က စိုးရိမ်တာမျိုး စတဲ့ ပွတ်တိုက်မှုလေးတွေကတော့ ရှိနေဆဲပါ။ ဒါပေမဲ့ သူတို့ကြားက ပြဿနာတွေက ညှိနှိုင်းလို့ရတဲ့ကိစ္စဖြစ်ပြီး ဆက်ဆံရေးတစ်ခုလုံးကို ပြိုကွဲသွားစေမယ့်အရာမဟုတ်ပါဘူး။ အမေရိကန်နဲ့ တရုတ်ကြားပြိုင်ဆိုင်မှုကတော့ တစ်ဖက်နိုင်ငံလုံးဝကျဆုံးသွားမှသာ အနိုင်အရှုံးပေါ်မယ့်ပုံစံမျိုးဖြစ်နေပေမယ့် ရုရှားနဲ့တရုတ်ကြားကကိစ္စတွေကတော့ စားပွဲဝိုင်းပေါ်မှာထိုင်ပြီး အေးအေးဆေးဆေး အကျိုးအမြတ်ခွဲဝေလို့ရတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုခရီးစဉ်မတိုင်ခင် ပူတင်က တရုတ်ပြည်သူတွေကို လှိုက်လှိုက်လှဲလှဲ စကားပြောတာမျိုးလုပ်နိုင်တာပါ။

တချို့နေရာတွေမှာ အခြေအနေ ရှုပ်ထွေးနေရင် တစ်ဦးကိုတစ်ဦး တိုက်ရိုက်ကူညီဖို့အတွက် ရံဖန်ရံခါ ထိန်းထိန်းသိမ်းသိမ်း လုပ်ချင်လုပ်ကြပါလိမ့်မယ်။ ဥပမာအားဖြင့် နိုင်ငံတကာကကန့်ကွက်နေတဲ့ စစ်ရေးကိစ္စတွေမှာ တရုတ်အနေနဲ့ ရုရှားကို ပေါ်ပေါ်ထင်ထင် လက်နက်ထောက်ပံ့တာမျိုးမလုပ်ဘဲ နောက်ကွယ်ကနေ စီးပွားရေးအရ ဝယ်ယူအားပေးတာမျိုးနဲ့ပဲ ဝန်းရံပေးတတ်ပါတယ်။ ဒါဟာ အခြေအနေကို ပိုပြီးမရှုပ်ထွေးအောင် နှစ်ဖက်စလုံးကညှိနှိုင်းပြီး နားလည်မှုရှိရှိနဲ့လုပ်ဆောင်နေကြတာပါ။ ဒါပေမဲ့ ယာယီအကျိုးအမြတ်လေးတစ်ခုအတွက်နဲ့ နှစ်နိုင်ငံစလုံးက ရေရှည်မဟာမိတ်အဖြစ်ကို အပျက်စီးခံမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ အမေရိကန်ရဲ့ တစ်ကမ္ဘာလုံးအပေါ်ဗိုလ်ကျလွှမ်းမိုးမှုကို တွန်းလှန်ဖို့ဆိုရင် နှစ်နိုင်ငံစလုံးအတူတူရှိနေမှရမယ်ဆိုတာကို သဘောပေါက်ထားလို့ပါ။

ဒီကနေ့လိုမျိုး မရေမရာမှုတွေ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးထဲမှာ ကြိုတင်ခန့်မှန်းလို့ရတဲ့ တည်ငြိမ်မှုရှိနေတာဟာ ရုရှား-တရုတ်မဟာမိတ်ရဲ့ အကြီးဆုံးအားသာချက်ပါပဲ။ အခုခေတ် ကမ္ဘာ့နိုင်ငံရေးအခြေအနေက မနက်ဖြန်ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ ကြိုတင်ပြောလို့မရအောင်လှုပ်ခတ်နေချိန် ရုရှားနဲ့ တရုတ်ရဲ့ဆက်ဆံရေးကတော့ နှစ်ပေါင်းများစွာ တည်တည်ငြိမ်ငြိမ်နဲ့ ရှေ့ကိုသာဆက်လက်ဦးတည်သွားနေတာဖြစ်လို့ သူတို့နှစ်နိုင်ငံကြားဆက်ဆံရေးဟာ ကမ္ဘာ့နိုင်ငံရေးမှာ အားကိုးရမယ့်ဝင်ရိုးတစ်ခုဖြစ်လာပါတယ်။

အမေရိကန်နဲ့တရုတ်ကြား သံသယတွေကြီးထွားနေချိန် ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က ယာယီနိုင်ငံရေးအခင်းအကျင်းတွေ ဒါမှမဟုတ် ခံစားချက်တွေအပေါ်မှာ မမှီခိုတော့ဘဲ ဘယ်လိုမှဖျက်ဆီးလို့မရမယ့်ပိုမိုခိုင်မာတဲ့ ဆက်ဆံရေးလမ်းကြောင်းတစ်ခုကို အောင်အောင်မြင်မြင်တည်ဆောက်ထားနိုင်ခဲ့ပါပြီ။ သူတို့နှစ်နိုင်ငံရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ ပူတင်နဲ့ ရှီကျင့်ဖျင်တို့က ပုဂ္ဂိုလ်ရေးအရ အလွန်ကိုရင်းနှီးတဲ့ ဆက်ဆံရေးမျိုးရှိကြသလို၊ သူတို့ရဲ့အမျိုးသား မဟာဗျူဟာတွေကလည်း တစ်ထပ်တည်းကျနေတာဖြစ်ပါတယ်။ ပိုပြီးတော့ မတည်မငြိမ်ဖြစ်လာတဲ့ ဒီကနေ့ နိုင်ငံတကာပတ်ဝန်းကျင်မှာ ဒီအချက်တစ်ခုတည်းနဲ့တင် သူတို့ရဲ့ဆက်ဆံရေးက ကမ္ဘာ့အခင်းအကျင်းသစ်ကိုဆက်ပြီး ပုံဖော်သွားမယ့် အခိုင်မာဆုံး ကျောက်တိုင်ကြီးဖြစ်နေပါတယ်။ ဘာလို့လဲဆိုတော့ သူတို့နှစ်နိုင်ငံစလုံးဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားနေကြတဲ့ သူတွေဖြစ်သလို၊ အနောက်အုပ်စုရဲ့ ဖိအားတွေကပဲ သူတို့ကိုဘယ်လိုမှခွဲထုတ်လို့မရတဲ့အနေအထားမျိုးဖြစ်အောင် ပေါင်းစည်းပေးလိုက်လို့ပဲဖြစ်ပါတယ်။

**Ref: RT**

**ထက်မြတ်**

# အမေရိကန်က တိုက်ခိုက်မှုပြန်စလျှင် စစ်မျက်နှာအသစ်များ ဖွင့်မည်ဟု အီရန်ပြော

**တီဟီရန်၊ စစ်ရေး**

အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများပြန်လည်စတင်မည်ဆိုပါက အီရန်နိုင်ငံကလည်း စစ်မျက်နှာအသစ်များဖွင့်ကာ လက်တုံ့ပြန်တိုက်ခိုက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အီရန်စစ်ဘက်က မေလ ၁၉ ရက်တွင်သတိပေးထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရန်နိုင်ငံအနေဖြင့် သဘောတူညီချက်ကိုလက်မှတ်မထိုးပါက အမေရိကန်အနေဖြင့် အီရန်အပေါ်တိုက်ခိုက်မှုများပြန်လုပ်မည်ဟုပြောပြီးနောက် အီရန်စစ်ဘက်က ယခုကဲ့သို့တုံ့ပြန်လာခြင်းဖြစ်သည်။

"တကယ်လို့ရန်သူက အစွန်းရောက်တွေရဲ့ ထောင်ချောက်ထဲကို ရူးရူးမိုက်မိုက်နဲ့ ကျဆင်းသွားပြီး အီရန်အပေါ်တိုက်ခိုက်မှုတွေလုပ်မယ်ဆိုရင် စစ်လက်နက်အသစ်တွေ၊ နည်းလမ်းအသစ်တွေအသုံးပြုပြီး စစ်မျက်နှာအသစ်တွေဖွင့်ကာ တိုက်ခိုက်မှုတွေလုပ်သွားပါမယ်" ဟု အီရန်စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ မိုဟာမတ်အာခရာမီနီယာက ပြောသည်ဟု အီရန်နိုင်ငံ၏ ISNA သတင်းဌာနကဖော်ပြထားကြောင်းသိရသည်။

Ref: RT

# ရုရှားသမ္မတဗလာဒီမာပူတင် တရုတ်နိုင်ငံသို့ ၂၅ ကြိမ်မြောက် ခရီးစဉ်အဖြစ် ပေကျင်းမြို့သို့ရောက်ရှိ



**ပေကျင်း၊ နိုင်ငံရေး**

ရုရှားနိုင်ငံသမ္မတဗလာဒီမာပူတင်သည် တရုတ်နိုင်ငံသို့ ၂၅ ကြိမ်မြောက်ခရီးစဉ်အဖြစ် မေလ ၁၉ ရက်တွင် ပေကျင်းမြို့သို့ရောက်ရှိလာကြောင်းသိရသည်။ သမ္မတပူတင်သည် တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့နှစ်ရက်ကြာချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်သည်။

သမ္မတပူတင်သည် မေလ ၂၀ ရက်တွင် သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးအခြေအနေများ၊ နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်တက်ကြွမိတ်ဖက်ဆက်ဆံရေးအခြေအနေများပိုမိုတိုးမြှင့်နိုင်ရေးအတွက် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဆွေးနွေးမှုများမှတစ်ဆင့် ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်သည်။

အလားတူ သမ္မတပူတင်နှင့် သမ္မတရှီကျင့်ဖျင်တို့က ၂၀၂၄-၂၀၂၅ ရုရှား-တရုတ်ပညာသင်နှစ်ဖွင့်ပွဲအခမ်းအနားသို့ပါဝင်တက်ရောက်သွားမည်ဖြစ်သည်။ ထို့ပြင် သမ္မတပူတင်သည် တရုတ်နိုင်ငံဝန်ကြီးချုပ်လီကျန်းနှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး ထိုသို့တွေ့ဆုံစဉ်နှစ်နိုင်ငံကြားကုန်သွယ်ရေးနှင့်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ယခုခရီးစဉ်တွင် သမ္မတပူတင်နှင့်အတူ ဒုတိယဝန်ကြီးချုပ်များအားလုံး၊ ရုရှားနိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများမှ ခေါင်းဆောင်များလိုက်ပါသွားကြောင်း သိရသည်။

Ref: Sputnik

# ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ အီဘိုလာပိုးရပ် ကူးစက်မှုကြောင့် သေဆုံးသူ ၁၃၁ ဦးရှိလာ

**ဘူနီယာ၊ ရောဂါကူးစက်မှု**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်း၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း အီဘိုလာပိုးရပ်ကူးစက်မှုကြောင့် သေဆုံးသူ ၂၀ ဦးရှိသည့်အတွက် ထိုရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၁၃၁ ဦးရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက မေလ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။ ထိုသို့ရောဂါကူးစက်ပျံ့နှံ့နေမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အလွန်စိုးရိမ်ကြောင်းထုတ်ပြန်ထားသည်။

ထို့ပြင် လက်ရှိအချိန်အထိ ပိုးရပ်ကူးစက်ခံရသည်ဟု သံသယရှိသူ ၅၁၆ ဦးနှင့် အတည်ပြုလူနာ ၃၃ ဦးရှိကြောင်း၊ ကွန်ဂိုနိုင်ငံ၏အိမ်နီးချင်းဖြစ်သော ယူဂန်ဒါနိုင်ငံတွင်မှ အတည်ပြုလူနာနှစ်ဦးရှိကြောင်း တာဝန်ရှိသူများက နေ့စဉ်သတင်းလွှာတွင် ဖော်ပြထားသည်။

ယခုပျံ့နှံ့နေသောအီဘိုလာပိုးရပ်က ရှားပါးသည့် Bundibugyo မျိုးကွဲဖြစ်ပြီး ကူးစက်မှုမြန်ဆန်ကာ လက်ရှိအချိန်အထိ ကာကွယ်ဆေးနှင့်ကုသနိုင်သည့်ဆေးများ မရှိသေးကြောင်းသိရသည်။

Ref: ST

# အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အပူလှိုင်းများဖြစ်ပေါ်မည်

**နယူးဒေလီ၊ ရာသီဥတု**

ယခုသီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အသင့်အတင့်မှသည်ပြင်းထန်သည့် အပူလှိုင်းများအထိဖြစ်ပေါ်မည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက မေလ ၁၉ ရက်တွင်ထုတ်ပြန်ထားသည်။

မေလ ၂၄ ရက်မတိုင်မီအထိ အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းရှိ ဒေသများ၌ အပူချိန် ၂ ဒီဂရီမှ ၃ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာမည်ဖြစ်ကြောင်း၊ မေလ ၂၁ ရက်မတိုင်မီအထိ ချက်တစ်ဂါ့ဒေသ၌ အပူချိန် ၃ ဒီဂရီမှ ၄ ဒီဂရီအထိမြင့်တက်လာမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံ၏မြို့တော်ဖြစ်သော နယူးဒေလီမြို့၌ လာမည့်သုံးရက်အတွက်အပါ ရောင်အဆင့်အပူလှိုင်းသတိပေးချက်ထုတ်ပြန်ထားသည်။ မေလ ၁၉ ရက်တွင် နယူးဒေလီမြို့၌အပူချိန်မှာ ၄၃ ဒီဂရီမှ ၄၅ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်းသိရသည်။

Ref: Xinhua

# ရုရှားနိုင်ငံတွင် သုံးရက်ကြာ နျူကလီးယားစစ်ရေးလေ့ကျင့်မှု စတင်



**မော်စကို၊ စစ်ရေး**

ပြည်ပရန်စွယ်များကို တုံ့ပြန်နိုင်စေရေးအတွက် ရုရှားတပ်မတော်က အသင့်ပြင်ဆင်သည့်အနေဖြင့် သုံးရက်ကြာမြင့်မည့် မဟာဗျူဟာမြောက်နျူကလီးယားစစ်ရေးလေ့ကျင့်ခန်းကို မေလ ၁၉ ရက်တွင်စတင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်သည်။

မေလ ၁၉ ရက်မှ ၂၁ ရက်အထိကြာမြင့်မည့် စစ်ရေးလေ့ကျင့်ခန်း၌စစ်သည်အင်အား ၆၄၀၀၀ နှင့်စစ်လက်နက်ပစ္စည်းစုစုပေါင်း ၇၈၀၀ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် အမြောက်ပျံနှင့်အနိမ့်ပျံဒုံးကျည်များပစ်လွှတ်ခြင်းတို့ကိုလည်း စစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းလေ့ကျင့်ခန်းများကို လီနင်ဂရက်စစ်ဒေသနှင့် အလယ်ပိုင်းတိုင်းစစ်ဒေသတို့၌လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုစစ်လက်နက်ပစ္စည်းများတွင် ဒုံးပစ်လောင်ချာရာပေါင်းများစွာ၊ လေယာဉ်များ၊ သင်္ဘောများနှင့် ရေငုပ်သင်္ဘောများပါဝင်မည်ဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံ၏မြောက်ပိုင်းရေယာဉ်စုနှင့် ပစိဖိတ်ရေယာဉ်စုတို့ကလည်း စစ်ရေးလေ့ကျင့်ရာ၌ပါဝင်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။ စစ်ရေးလေ့ကျင့်ခန်း၏ အဓိကရည်မှန်းချက်မှာ ပြည်ပ၏တိုက်ခိုက်မှုခံရချိန်တွင် နျူကလီးယားတပ်ဖွဲ့များကို ဖြန့်ကြက်နိုင်ရေးဖြစ်ကြောင်းသိရသည်။

Ref: MT

# တရုတ်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းတို့၌ ရုတ်တရက်မိုးကြီးပြီး ရေကြီးမှုဖြစ်ပွား

**ပေကျင်း၊ သဘာဝဘေး**

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသတို့၌ မေလ ၁၉ ရက်တွင် ရုတ်တရက်မိုးကြီးပြီး ရေကြီးမှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံးလူ ၂၀ ဦးသေဆုံးကြောင်းနှင့် စာသင်ကျောင်းများ၊ ဈေးဆိုင်များကိုပိတ်ထားရကြောင်း တာဝန်ရှိသူများကပြောသည်။

ထိုကဲ့သို့မိုးသည်းထန်စွာရွာမှုကြောင့် ကျန်းရှီး၊ အန်ဟွေ့၊ ဟူနန်၊ ဟူပေး၊ ကွိကျိုး၊ ကွမ်ရှီး၊ ကွမ်တုံနှင့် ဟိုင်နန်ဒေသတို့သည် မြေပြိုမှု၊ ရုတ်တရက်ရေကြီးမှု၊ မြို့ပေါ်ရေလွှမ်းမိုးမှုနှင့် ရေမြောင်းများပိတ်ဆို့မှုတို့ကို ခံစားရနိုင်ကြောင်း တရုတ်နိုင်ငံအမျိုးသားမိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါသဘာဝဘေးကြောင့် အစိုးရက အဆင့် (၄) ကယ်ဆယ်ရေးလုပ်ဆောင်နေကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ယွမ်သန်း ၁၅၀ ခွဲဝေသတ်မှတ်ပေးထားကြောင်း တာဝန်ရှိသူများကပြောသည်။

မိုင်ပေါင်း ၆၂၀ မိုင်ပတ်လည်ရှိသော နယ်မြေအတွင်း မိုးသည်းထန်စွာရွာသွန်းနေခြင်းဖြစ်သောကြောင့် မြစ်ရေကြီးခြင်း၊ တောင်ပြိုခြင်း၊ လမ်းများပိတ်ဆို့ခြင်းတို့ဖြစ်ပွားသည့်အပြင် လာမည့်ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုဆက်လက်ဖြစ်ပွားမည်ဖြစ်ကြောင်းသိရသည်။

Ref: RTA



## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ မြေနေရာအချို့နှင့် အဆောက်အဦအချို့အား နှစ်တို / နှစ်ရှည် ငှားရမ်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း(Expression of Interest)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဘက်စုံအဆင့်မြှင့်တင်နိုင်ရန်အတွက် ကျေးရွာအတွင်းရှိမြေနေရာအချို့နှင့် အဆောက်အဦအချို့အား ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများသို့ အောက်ဖော်ပြပါလုပ်ငန်းများကို နှစ်တို/နှစ်ရှည်ငှားရမ်းခြင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်–

(က) တိုင်းရင်းသားရိုးရာအစားအသောက်များရောင်းချနိုင်ရန်အတွက် မြေငှားရမ်းခြင်း၊
(ခ) ဖျော်ဖြေမှု(Entertainment)နှင့် အပန်းဖြေဥယျာဉ်(Amusement Park)အတွက် မြေငှားရမ်းခြင်း၊
(ဂ) အားကစားဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မြေငှားရမ်းခြင်း၊
(ဃ) Shopping Center နှင့် နားနေဆောင်များအတွက် မြေငှားရမ်းခြင်း၊
(င) ပြည်ထောင်စုခန်းမအဆောက်အဦအား ငှားရမ်းခြင်း၊
(စ) အထက်ဖော်ပြပါလုပ်ငန်းများအပြင် သီးခြားဆောင်ရွက်လိုသောလုပ်ငန်းများအတွက် မြေ/အဆောက်အဦငှားရမ်းခြင်း။

၂။ ပထမအဆင့်အနေဖြင့် စိတ်ဝင်စားသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest–EOI)အား ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လိပ်မူ၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၈)ရက်နေ့၊ ညနေ(၁၆:၀၀)နာရီ(မြန်မာစံတော်ချိန်)အရောက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၃။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest–EOI)ပုံစံနှင့်လမ်းညွှန်ချက်များအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားလူမှုဘဝမြှင့်တင်ရေးဌာနခွဲ၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တို့တွင် (၂၅-၅-၂၀၂၆)ရက်နေ့မှစတင်၍ လာရောက်ဝယ်ယူနိုင်ပါသည်။ ဝယ်ယူသည့်အခါ မိမိတို့၏ အောက်ပါကုမ္ပဏီဆိုင်ရာအထောက်အထားများ မူရင်းနှင့်မိတ္တူတို့ကို ပြသရမည်ဖြစ်ပါသည်–

(က) သက်တမ်းရှိပြီးဖြစ်သည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
(ခ) ကုမ္ပဏီ၏ဖွဲ့စည်းပုံစည်းမျဉ်း

(အသေးစိတ်သိရှိလိုပါက ဖုန်း–၀၆၇–၃၄၀၉၃၁၅, ၀၆၇–၃၄၀၉၃၁၇, ၀၉–၈၉၉၉၃၅၂၆၆)

**တင်ဒါကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## JADE PARADISE COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE PARADISE COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၇-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။
၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | |
|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ဖြူဖြူဝင်း | ဦးစန်းတင် |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE PARADISE COMPANY LIMITED | JADE PARADISE COMPANY LIMITED |

## JADE PARK COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE PARK COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၆-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့သည်။
၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဦးအောင်အောင်ထွန်း | ဦးစန်းလှိုင် | ဦးထွန်းကျော်ဝင်း |
| စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE PARK COMPANY LIMITED | JADE PARK COMPANY LIMITED | JADE PARK COMPANY LIMITED |

## JADE NAY CHI COMPANY LIMITED
### မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)
### အစုရှယ်ယာရှင်များဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ "JADE NAY CHI COMPANY LIMITED"ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၈-၅-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၄၂)၊ (၄၂)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့သည်။
၃။ သို့ဖြစ်၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | | | |
|---|---|---|---|
| ဒေါ်ဖြူဖြူငြိမ်း | ဒေါ်ရွှေနု | ဦးစန်းတင် | ဦးထွန်းကျော်ဝင်း |
| စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ | ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ |
| | JADE NAY CHI COMPANY LIMITED | JADE NAY CHI COMPANY LIMITED | JADE NAY CHI COMPANY LIMITED |

## Htwe Travel Organization Company Limited မှ Dear Memory Travel And Tour Company Limited
### အမည်သစ်သို့ ပြောင်းလဲထားပါကြောင်း

Htwe Travel Organized Company Limited တွင် ဦးသီဟစိုး ၁၂/သကတ(နိုင်)၂၁၈၁၁၂ မှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးသီဟစိုးမှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဒေါ်နှင်းဝတ်ရည် ၁၂/ထတပ(နိုင်)၁၁၁၀၃၅ မှအုပ်ချုပ်မှုဒါရိုက်တာအဖြစ်ဆက်လက်တာဝန်ယူဆောင်ရွက်သွားပါမည်။ ကုမ္ပဏီအမည်ပြောင်းလဲခြင်းနှင့် ဒေါ်နှင်းဝတ်ရည်မှ Dear Memory Travel And Tour Company Limited တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ်တာဝန်ယူဆောင်ရွက်ခြင်းအပေါ် ကန့်ကွက်လိုပါကအထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

### မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Astmilcorp Myanmar Japanese Center Co.,Ltd." အစုရှယ်ယာရှင်များ၏ (၁၆-၅-၂၀၂၆)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေအား ကျပ်သိန်း (၅၀၀)မှ ကျပ်သိန်း (၃၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

Astmilcorp Myanmar Japanese Center Co.,Ltd.
Ph: 09968838954

### ပျောက်ဆုံးကြောင်း
မြောင်းမြမြို့နယ်၊ ကံမကိုင်းအုပ်စု၊ တံခွန်တိုင်ကျေးရွာနေ နန့်ခင်ဝင်းရွှေ(ဘ)မန်းတန်တန် ၁၄/မမန(နိုင်)၃၃၇၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၇၅၃၅၆၁၈၈

### ပျောက်ဆုံးကြောင်း
ရမည်းသင်းမြို့၊ သိမ်ကုန်းရွာ၊ ရှမ်းစုကျေးရပ်နေ မသဲဝေအောင်(ဘ)ဦးထွန်းထွန်း ၉/ရမသ(နိုင်)၂၅၈၇၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 062145)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၀၇၃၁၈၆၉

### ဖခင်အမည်မှန်
ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်၊ စံပယ်ရိပ်သာ(၁)၊ တိုက်အမှတ်(၁၀/ခ)တွင် နေထိုင်လျက်ရှိပြီး အ.ထ.က(၁)၊ နေပြည်တော် Grade–9 တွင် ပညာသင်ကြားလျက်ရှိသော မောင်လှမင်းအောင်၏ဖခင် ၉/သပက(နိုင်)၀၄၈၂၀၄ ကိုင်ဆောင်သူ ဦးကျော်ဦး၏အမည်မှန်မှာ ဦးကျော်ကျော်ဦးဖြစ်ပါကြောင်း။ ဦးကျော်ကျော်ဦး

### ပျောက်ဆုံးကြောင်း
တီဒေါင်နန်း(ဘ)ဦးဇောင်းဒေါလ် ၁၃/ကခန(နိုင်)၀၇၈၈၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဝေယံစိုး(ဘ)ဦးသိန်းဇံ ၇/ဝမန(နိုင်)၁၆၂၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်နုဝင်း(ဘ)ဦးထွန်းရွှေ ၅/ဗမန(နိုင်)၀၆၈၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဖြိုးဇာခြည်ဦး(ဘ)ဦးမင်းဇော် ၁၀/သဖရ(နိုင်)၁၆၄၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၈၀၂၄၃၈၄၅

### ပျောက်ဆုံးကြောင်း
အိမြတ်ချယ်(ဘ)ဦးကျော်ဟန် ၁၂/ရပသ(နိုင်)၀၇၇၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သူသူအောင်(ဘ)ဦးသန်းမောင် ၁၃/ကလန(နိုင်)၀၀၁၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စောဝင်းဆက်နောင်(ဘ)ဦးစောသဒ္ဒါနောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 522953)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### အမည်ပြောင်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ၊ အ.ထ.က ကျောင်း၊ Grade–2 မှကျောင်းဝင်အမှတ်(၁၀၅၄)အဘဦးစံသာအောင်၏သမီး မသုဟယ်ရီလင်းအား မသုရွှေရည်သာဟု ပြောင်းလဲခေါ်ဆိုပါရန်။ မသုရွှေရည်သာ

### ပျောက်ဆုံးကြောင်း
အေးသန္တာကျော်(ဘ)ဦးမြင့်သန်း ၁၂/ထတပ(နိုင်)၁၄၀၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၉၄၁၀၃၆၁၉၄

### ဖခင်အမည်မှန်
ဝါးခယ်မမြို့နယ်၊ အ.ထ.က–ရွှေလောင်း၊ Grade–11 တွင် ပညာသင်ကြားသည့် မပေရယ်မိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအောင် ၁၄/ပတန(နိုင်)၂၆၀၀၄၀ ဖြစ်ပါကြောင်း။ ဦးထွန်းထွန်းအောင်

### ပျောက်ဆုံးကြောင်း
စည်သူထွန်း(ဘ)ဦးသန်းထွန်း ၁၂/ဥကမ(နိုင်)၁၇၆၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၉၄၇၉၁၅၅

### ပျောက်ဆုံးကြောင်း
ညီညီကျော်(ဘ)ဦးကျော်လွင် ၁၂/သခန(နိုင်)၁၄၄၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၆၉၄၉၅၁၈၀

### ပျောက်ဆုံးကြောင်း
ရီရီထွန်း(ဘ)ဦးစောထွန်း ၈/နမန(နိုင်)၂၂၁၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၄၄၈၂၈၇၀၈

### အမည်ပြောင်း
သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း၊ မိတ္ထီလာမြို့ Grade–5 မှ ပညာသင်ကြားနေသော အဘဦးဝင်းဇော်ဟိန်း ၉/တသန(နိုင်)၁၄၃၄၆၇ ၏သမီး မရွှန်းလဲ့မြင့်မိုရ်အား မဝင့်ဖြူစင်မေဟု ပြောင်းလဲခေါ်ဆိုပါရန်။ မဝင့်ဖြူစင်မေ

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade–4 တွင် ပညာသင်ကြားနေသော မသဇင်ဝင့်ထည်၏ဖခင် ဦးစောဝင်းကိုကိုဒီဖိုးနှင့် စောဒီဖြိုး ၇/သကန(နိုင်)၁၀၀၃၂၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစောဝင်းကိုကိုဒီဖိုး(ခ)စောဒီဖြိုး

### အမည်ပြောင်း
မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ ရေဝန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း နဝမတန်းမှ ဦးတင်ဇော်လတ် ၉/မသန(နိုင်)၀၉၉၀၄၅ ၏သမီးဖြစ်သူ မသီရိဆွေဇင်အား မသီရိရွှေဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မသီရိရွှေဇင်

### မွေးသက္ကရာဇ်အမှန်
လယ်ဝေးမြို့နယ်၊ ငှက်ပျောတောကျေးရွာနေ အဘ ဦးအေးဇော်၏သမီး မဆုစန္ဒီဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၆–၂၀၁၀ ဖြစ်ပါကြောင်း။
၁၅–၆–၂၀၁၀

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဗြိဘာအနောက်ကျေးရွာနေ အဘ ဦးစိန်ထွေး၏ သမီး မသက်မာ၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၀၆၀၁၂ အရ မမြင့်မော်ဖြစ်ပါကြောင်း။
မမြင့်မော်

### ပျောက်ဆုံးကြောင်း
ဌေးဌေးကြွယ်(ဘ)ဦးလှသန်း ၈/ကမန(နိုင်)၀၇၀၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မျိုးမင်းဇံ(ဘ)စောနိုင်ထွန်း ၁၀/ဘလန(နိုင်)၁၈၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၆၇၁၂၂၄၂၄၁

### ပျောက်ဆုံးကြောင်း
သန်းသန်းအေး(ဘ)ဦးကျော်စိန် ၁၂/သဃက(နိုင်)၀၈၃၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၉၄၉၁၀၈၂၀

### ပျောက်ဆုံးကြောင်း
အောင်ဝင်းကို(ဘ)ဦးကျော်မြင့်ဦး ၁၂/သဃက(နိုင်)၀၈၃၆၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၄၉၁၀၈၈၂၀

### ပျောက်ဆုံးကြောင်း
နန်းလှိုင်(ဘ)ဦးကြဲတိုင်းအောင် ၈/နမန(နိုင်)၁၂၆၄၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အေးမြတ်သီတာဇော်(ဘ)ဦးဇော်ဝင်း ၁၀/သဖရ(နိုင်)၀၉၄၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 070287)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုင်းမြဝန်း(ဘ)ဦးအိုက်စံ ၁၃/မပတ(နိုင်)၀၃၇၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၇၂၃၄၀၆၁

### ပျောက်ဆုံးကြောင်း
မောင်လှိုင်မင်းသူ(ဘ)ဦးပြား ၉/မလန(နိုင်)၁၃၆၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 600826)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၁၃၄၅၆၁

### ပျောက်ဆုံးကြောင်း
မခိုင်ဇင်ဝင်း(ဘ)ဦးကြည်သိန်း ၁၄/ဝခမ(နိုင်)၃၆၀၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၁၃၄၅၆၁

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးအား ဆုကြေးငွေပေးအပ်စဉ်။

နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင် အမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး၊ စုစုပေါင်း ၃၁၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ နေ့လယ်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် သေနတ် (၈) လက်၊ M22 အမျိုးအစား သေနတ် (၁)လက်၊ KA–25 အမျိုးအစား သေနတ် (၁)လက်၊ Type 81 အမျိုးအစား သေနတ် (၂) လက်၊ လက်လုပ်သေနတ် (၂)လက်၊ လက်လုပ်စိန်ပြောင်း (၂)လက်၊ ကျည်အိမ်မျိုးစုံ(၂၃)ခု၊ ကျည်မျိုးစုံ (၇၈၁) တောင့်၊ လက်ပစ်ဗုံးမျိုးစုံ (၁၀)လုံးနှင့် ဖိုးသီး (၂)လုံး တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်သေနတ် ၁၂လက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၀၊ လက်လုပ်သေနတ် ၂ လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်လုပ် စိန်ပြောင်း ၂ လက်အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဖိုးသီး ၂ လုံးအတွက် ဆုကြေးငွေကျပ် ၆ သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ် သိန်း ၂၉၀၊ စုစုပေါင်း ဆုကြေးငွေကျပ် ၉၄၆ သိန်းနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည် လွှဲပြောင်းအပ်နှံပေးကြသည်။

ယနေ့အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်မှ အမျိုးသား(၂၆)ဦး၊ အမျိုးသမီး(၄)ဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား(၉)ဦး၊ အမျိုးသမီး(၁)ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသား (၂)ဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား (၄)ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား (၁၄)ဦး၊ အမျိုးသမီး(၁)ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား(၁)ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား(၅)ဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား(၁)ဦး၊ မတ္တရာမြို့နယ်မှအမျိုးသား (၅၄)ဦး၊ အမျိုးသမီး (၁)ဦး၊ စဥ့်ကူးမြို့နယ်မှ အမျိုးသား(၁၂)ဦး၊ အမျိုးသမီး (၂)ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား(၄၇)ဦး၊ အမျိုးသမီး(၂)ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား (၇)ဦး၊ အမျိုးသမီး(၁)ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား(၉)ဦး၊ အမျိုးသမီး(၄)ဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား(၄)ဦး၊ တောင်သာမြို့နယ်မှ အမျိုးသား(၁)ဦး၊



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးတို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများအား ကြည့်ရှုစဉ်။

ချောက်မြို့နယ်မှ အမျိုးသား(၄)ဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား(၈)ဦး၊ ကျောက်ဆည်မြို့နယ်မှ အမျိုးသား(၁၉)ဦး၊ အမျိုးသမီး (၁၃)ဦး၊ မြစ်သားမြို့နယ်မှ အမျိုးသား(၃)ဦး၊ တံတားဦးမြို့နယ်မှ အမျိုးသား (၁)ဦး၊ စဥ့်ကိုင်မြို့နယ်မှ အမျိုးသား(၁)ဦး၊ စလင်းမြို့နယ်မှ အမျိုးသား(၃)ဦး၊ စေတုတ္တရာမြို့နယ်မှအမျိုးသား (၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပွင့်ဖြူမြို့နယ်မှ အမျိုးသား(၅)ဦး၊ တောင်တွင်းကြီးမြို့နယ်မှ အမျိုးသား(၂)ဦး၊ နတ်မောက်မြို့နယ်မှ အမျိုးသား (၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပခုက္ကူမြို့နယ်မှ အမျိုးသား (၂၉)ဦး၊ အမျိုးသမီး (၄)ဦး၊ ပဒါန်းမြို့နယ်မှ အမျိုးသား (၁)ဦး၊ ငဖဲမြို့နယ်မှ အမျိုးသား(၂)ဦး ပေါင်း အမျိုးသား (၂၇၇)ဦးနှင့် အမျိုးသမီး (၃၅)ဦး၊ စုစုပေါင်း (၃၁၂)ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးထံ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများ အပ်နှံစဉ်။

ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာလိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက်ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်–

"ကျွန်မ ဒီအကြမ်းဖက် အဖွဲ့အစည်းကို ရောက်သွားတဲ့အကြောင်းရင်းကတော့ ကျွန်မ မိဘတွေက ဆင်းရဲတဲ့အခါကြတော့ အလုပ်ရှာရမှာမို့လို့ပါ။ အလုပ်ရှာသွားတော့ သူငယ်ချင်းတွေနဲ့တွေ့ပါတယ်။ သူငယ်ချင်းတွေက ဟိုမှာအလုပ်လုပ်ရင် အဆင်ပြေတယ်။ အလုပ်လုပ်ရင်အေးဆေးပဲ လစာကောင်းတယ်ဆိုလို့ ကျွန်မလိုက်သွားဖြစ်ပါတယ်။ အချင်းချင်းညှဉ်းပန်းနှိပ်စက်မှုတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ထွက်ပြေးဖို့ကြိုးစားတဲ့ သူတွေလည်း ညှဉ်းပန်းနှိပ်စက်ပါတယ်။ တချို့တွေဆို သတ်ပစ်တယ်လို့ ထင်ရပါတယ်၊ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ အဲ့ဒါကြောင့် ကျွန်မတို့ တောင် သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့ပါတယ်၊ သင်တန်းကာလမှာလည်း အသက်မပြည့်သေးတဲ့ ကလေး၊ မောင်ငယ်၊ ညီမငယ်တွေကို အများကြီးတွေ့ခဲ့ရပါတယ်။ တချို့မိန်းကလေးတွေဆိုရင် တခြားအဖွဲ့အစည်းမှာ ရောင်းစားခံရတာမျိုးလည်း တွေ့ရပါတယ်။ ရန်ပုံငွေရှာဖွေရေးဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ရန်ပုံငွေရှာခိုင်းပါတယ်။ ရန်ပုံငွေရရှိလာတဲ့ ငွေတွေမှန်သမျှကိုလည်း သူတို့မိသားစုကောင်းစားရေးအတွက်နဲ့ အကျိုးအတွက် အသုံးပြုပါတယ်။ ကျွန်တော်တို့အတွက် ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ ဒီအတိုင်းဆက်နေရင် ဘဝကလုံးပါးပါးပြီးတော့ သေရုံပဲရှိပါတော့တယ်။ အဲ့ဒါကြောင့်မို့လို့ သူတို့လုပ်ရပ်တွေနဲ့ စိတ်ဓာတ်တွေကိုမကြိုက်လို့ တပ်မတော်မှာ အလင်းလာဝင်ခြင်းဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းလာဝင်တဲ့အခါကြတော့ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အဲ့ဒါကြောင့် တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို ပြောချင်ပါတယ်။ တောထဲမှာကျန်နေခဲ့တဲ့ သူငယ်ချင်းများ အားလုံးပြောချင်တာကတော့ နိုင်ငံတော်ရဲ့ စေတနာကို နားလည်ပြီးအမြင်မှန်

စာမျက်နှာ ၂၇ သို့ ❍

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်

နေပြည်တော် မေ ၁၉

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်အတွင်း တည်ရှိသည့် မောတောင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ အရှေ့ဘက်အကျဆုံးမြို့ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် နယ်စပ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာ၌ မြိတ်-မောတောင်မှ ထိုင်းနိုင်ငံသို့ တင်ပို့ပါက အချိန် (၇)နာရီခန့်သာကြာသည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မောတောင်မြို့မှာ စီးပွားရေးအရအရေးပါသည့် နယ်စပ်မြို့တစ်မြို့လည်းဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် အရေးပါသော နယ်စပ်မြို့ဖြစ်သည့် မောတောင်မြို့၌ ရိုးသားစွာနေထိုင် လုပ်ကိုင်စားသောက်နေထိုင်ကြသည့် ပြည်သူများအား CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးကာ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးပြီး မောတောင်မြို့ရှိ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းအသုံးပြု၍ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မောတောင်မြို့အားရန်သူ့လက်အောက်သို့ ကျရောက်မှုမရှိစေရေး အသက်ကိုပဓာနမထားဘဲခုခံခဲ့ကြသော်လည်း ရန်သူမှာ အင်အားအဆမတန်ဖြည့်တင်းလာခြင်း၊ မိမိဘက်မှ အရာရှိ၊ စစ်သည်များ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာခြင်းများနှင့် ဒေသခံပြည်သူများ၏ တိုက်တာအိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်အတွက် အဆင့်ဆင့်ခုခံ၍ စစ်နည်းဗျူဟာမြောက်ဆုတ်ခွာခဲ့သဖြင့် မောတောင်မြို့အား ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

မောတောင်မြို့တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းရှိပြီး တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့သကဲ့သို့ တစ်ဖက်နိုင်ငံမှလည်း ကုန်စည်များဝင်ရောက်လျက်ရှိသော်လည်း KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်စည်စီးဆင်းမှုများ ရပ်တန့်ထားခဲ့ရပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝများလည်း ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများသည် ဝိသမလောဘသမားများနှင့်ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ကြသည်။**

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရန်နှင့် တနင်္သာရီ-ရေဖြူ-သိန်းခွန်-သဲဖြူ-မောတောင်လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍ အဆင့်ဆင့်ခြေကုပ်ယူကာ တစ်ဆင့်ပြီးတစ်ဆင့် အသက်ကို ပဓာနမထားဘဲ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်ဖြင့် ၂၀၂၆ ခုနှစ် မေလ ၅ ရက်နေ့မှစ၍ ပြန်လည်တိုက်စစ်ဆင် ဆင်နွှဲခဲ့ရာ မေလ ၉ ရက်နေ့တွင် ရန်သူ၏ ယာယီစခန်းဖြစ်သည့် ပွိုင့် ၂၇၁ တောင်ကုန်းအားလည်းကောင်း၊ မေလ ၁၂ ရက်တွင် ဖောင်ဆိပ်ကျေးရွာအနီးရှိ ရန်သူ့ယာယီခံစစ်နေရာ ၂ ခုအားလည်းကောင်း၊ မေလ ၁၃ ရက်တွင် ဖောင်ဆိပ်ကျေးရွာအားလည်းကောင်း၊ မေလ ၁၅ ရက်တွင် နှုံးပွားကျေးရွာအားလည်းကောင်း၊ မေလ ၁၆ ရက်တွင် အမှတ်(၅) ကျေးရွာအားလည်းကောင်း၊ မေလ ၁၇ ရက်တွင် အမှတ်(၃)ကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက်တွင် အမှတ်(၁) ကျေးရွာအားလည်းကောင်း၊ မေလ ၁၉ ရက်ယနေ့ညနေ ၄ နာရီတွင် မောတောင်မြို့အားလည်းကောင်း တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမှတ်(၉) ကျေးရွာတံတားနှင့် အမှတ်(၈)တံတားတို့အား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့ကြသည်။

တပ်မတော် စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှအလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် **စာမျက်နှာ ၂၈ သို့** ❒

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်ထိန်းချုပ်သည့်နေရာပြပုံ။









○ စာမျက်နှာ ၂၆ မှအဆက်

အမြန်ဆုံးရပြီးတော့ တပ်မတော်မှာ အလင်းလာဝင်ဖို့ဖိတ်ခေါ်ပါတယ်”ဟုပြောသည်။

“ကျွန်တော် ၂၀၂၄ ခုနှစ် ဩဂုတ်လမှာ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ခဲ့ပါတယ်။ ကျွန်တော်သင်တန်းတက်နေတဲ့အချိန်မှာ သင်တန်းကာလအတွင်းမှာလည်း ကျွန်တော်တို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့နေခဲ့ရပါတယ်။ ကြံ့ခိုင်ဖို့ဆိုပြီး ခေါင်းစဉ်ပြပြီးမှ ကျွန်တော်တို့ကို အနိုင်ကျင့်တာမျိုးတွေလည်းရှိခဲ့ပါတယ်။ ကျွန်တော်တို့ သင်တန်းဆင်းပြီးတဲ့အချိန်မှာလည်း ကျွန်တော်တို့ ဒီလမ်းတွေမှာ ဂိတ်တွေစောင့်ရပါတယ်။ အခွန်ဆိုပြီးမှ ဆက်ကြေးတွေလည်း ကောက်ခဲ့ရပါတယ်။ ရတဲ့အခွန်တွေကိုလည်း သူတို့ရဲ့မိသားစုအတွက်ပဲသူတို့ထောက်ပံ့ကြတယ်။ သူတို့ဘာသာသူတို့ တိုက်တွေဆောက်တယ်။ ကားတွေဝယ်တယ်။ ကျွန်တော်တို့ရဲဘော်တွေမှာတော့ ချိုင်းထောက်တွေနဲ့နောက်ပြီး ခြေပြတ်လက်ပြတ်တွေ အများကြီးရှိတယ်။ ကုသမှုစရိတ်တောင်မှ သူတို့မထုတ်ပေးပါဘူး။ ဒါကြောင့်မို့လို့ အလင်းဝင်ဖို့ ဆုံးဖြတ်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါမှာလည်း ကျွန်တော်တို့ကိုသူတို့ဘက်က အမျိုးမျိုးပြောပါတယ်။ ဝါဒမှိုင်းတွေ တိုက်ပါတယ်။ အလင်းဝင်တာတကယ် မဟုတ်ဘူး။ မင်းတို့ကိုသူတို့ကမိတာနဲ့ သတ်မှာဆိုပြီး အမြဲတမ်းပြောပါတယ်။ မင်းတို့မိသားစုတွေနဲ့ တွေ့ရဖို့ဆိုတာလည်း မဖြစ်နိုင်ဘူးလို့ပြောပါတယ်။ အခုလို ကျွန်တော်တို့ရောက်လာတဲ့ အချိန်မှာကျတော့ အထင်နဲ့အမြင် သူတို့ပြောကြတာတွေနဲ့တလွဲစီဖြစ်နေပါတယ်။ ဒီမှာ ကျွန်တော်တို့ကို မောင်နှမအရင်းအချာလို စောင့်ရှောက်ပေးပါတယ်။ စားရေးသောက်ရေးနေရေးထိုင်ရေးကအစ အကုန်လုံး ကျွန်တော်တို့ကိုစောင့်ရှောက်ပေးပါတယ်။ လူချည်းပဲလာခဲ့ပါ။ ဒီမှာ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ အကုန်ပေးပါတယ်။ ဒါကြောင့်မို့လို့ အခု လက်ရှိတောထဲမှာ ကျန်ခဲ့တဲ့ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေအပါအဝင်ပေါ့။ တပ်မတော်ကြီးက အလင်းဝင်ခေါ်တာလည်း တကယ်ဟုတ်ပါတယ်။ တကယ်လည်း နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ ဒါကြောင့်မို့ အမြန်ဆုံးလာရောက်ပါလို့ ဒီနေရာကနေ ပြောကြားချင်ပါတယ်”ဟုပြောသည်။

“ကျွန်တော် ဒီအဖွဲ့ထဲကို ဝင်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ နယ်ကို သူတို့ရောက်လာခဲ့တယ်။ ရောက်လာပြီးတော့ မင်းတို့လူငယ်တွေ ဒီအဖွဲ့ကြီးထဲကိုဝင်ရမယ် လို့ပြောပါတယ်။ ကျွန်တော် အဲ့လိုနဲ့သင်တန်းကိုရောက်ခဲ့ပါတယ်။ သင်တန်းသုံးလတက်ခဲ့ပါတယ်။ သင်တန်းသုံးလမှာလည်း ဗမာတွေဆိုပြီးတော့ နှိမ့်ချတာတွေ၊ အနိုင်ကျင့်တာတွေ၊ အချင်းချင်းနှိပ်စက်မှုတွေ အများကြီးကြုံခဲ့ရတယ်။ စစ်ကြောင်းနဲ့ချိတ်ဆက်ပြီးတော့ ကျွန်တော်အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့အချိန်မှာလည်း တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ကို ညီအစ်ကိုမောင်နှမအရင်းတွေလို သဘောထားတယ်။ ပြီးတော့ ကျွန်တော်တို့အလင်းဝင်တဲ့ ညီအစ်ကိုတွေအားလုံးကိုလည်း တစုတစည်းတည်းထားတယ်။ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးကိုပြောချင်တာကတော့ အမြန်ဆုံး အလင်းဝင်ရောက်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်”ဟုပြောသည်။

(၁၀၀)

❐ စာမျက်နှာ ၂၇ မှအဆက်

ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှအရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မောတောင်မြို့အား ယာယီစိုးမိုးထားစဉ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် အတွက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအား ခံစစ်တံတိုင်းသဖွယ် အသုံးပြုခဲ့ကြပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှု စီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့ တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကိုထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့သည်။ မောတောင်-ကြိမ်ချောင်းဒေသမှထွက်ရှိသည့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မတရားခိုးယူတူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရသည်။**

ဌင်းအပြင် **KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်း ကဲ့သို့သော နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့သည်။** ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာလုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာခဲ့ရကာ စစ်ပွဲ၏ အနိဋ္ဌာရုံများကို ခံစားခဲ့ကြရပြီး ၎င်းတို့၏ တိုက်တာအိုးအိမ်များကိုစွန့်ခွာ၍

စာမျက်နှာ ၂၉ သို့ ❐




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့နယ်၊ အမှတ်(၅) ကျေးရွာရှိဘုန်းတော်ကြီးကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ မီးသတ်ရုံးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။












အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

**❖ တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးမိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အဆင့်ဆင့်ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများသိမ်းပိုက်ရရှိခဲ့ . . .**




အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းခွဲဖျက်ဆီးမှုကြောင့် အမှတ်(၈) တံတားပျက်စီးမှုကိုတွေ့ရစဉ်။



တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့၊ အမှတ်(၅) ကျေးရွာအား ပြန်လည် သိမ်းပိုက်ရရှိစဉ်။



တပ်မတော် စစ်ကြောင်းများက မောတောင်မြို့ အတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။



အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားစဉ် မောတောင်မြို့ ကုန်သွယ်ရေး ဇုန်အနီး မြို့ဝင်/ထွက်ဂိတ် ဆောက်လုပ်ထားမှု ကိုတွေ့ရစဉ်။



တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် အမှတ်(၈)တံတားအား ယာဉ်သွားလာနိုင်ရေး ယာယီပြင်ဆင် ထားရှိမှုကိုတွေ့ရစဉ်။

❖ KNU၊ KNLA နှင့် PDF **အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ဝိသမလောဘ သမားများနှင့်ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ . . .**

❖ KNU၊ KNLA နှင့် PDF **အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှု စီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့ တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကိုထိခိုက်နစ်နာစေသည့် အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့၊ မောတောင်-ကြိမ်ချောင်းဒေသမှထွက်ရှိသည့် နိုင်ငံတော်၏သဘာဝသယံဇာတများကို မတရားခိုးယူ တူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရ . . .**

❖ KNU၊ KNLA နှင့် PDF **အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများ ရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက် မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်း ကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေး နှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့ . . .**



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ မိုင်းခွဲဖျက်ဆီးမှုကြောင့် အမှတ်(၉) တံတား ပျက်စီးမှုအားတွေ့ရစဉ်။

❒ **စာမျက်နှာ ၂၈ မှအဆက်**

တည်ငြိမ်အေးချမ်းသည့် ဒေသများသို့ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကိုဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ်ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ/ ဆေးခန်းများပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံနယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများသည် နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် သံတမန်ရေးရာပူးပေါင်းဆောင်ရွက်မှု၏ အသက်သွေးကြောများ ဖြစ်ကြသည်။ ထိုကဲ့သို့ အရေးပါသည့် နယ်စပ်ဒေသများတွင် KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များသည် နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့်အပြင် နှစ်ကာလရှည်ကြာစွာခိုင်မြဲခဲ့သည့်ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးကိုပါ များစွာထိခိုက်စေသောကြောင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။

တပ်မတော်အနေဖြင့် မောတောင်မြို့အားသိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများက မိမိနေရပ်သို့ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းကာ တနင်္သာရီ-မောတောင်လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး စသည့်လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုခဲ့ကြကြောင်းအောင်ပွဲရတိုက်ပွဲဝင်တပ်မတော်သားများအတွက် ဂုဏ်ယူစွာဖြင့်ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။ (၁၀၀)

**ထူးခြားသည့် နေ့အပူချိန်များ**

၁၉-၅-၂၀၂၆

| | | | | | |
|---|---|---|---|---|---|
| မကွေး | ၄၁ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

| | | | | |
|---|---|---|---|---|
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၉ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊
## အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အောက်ဖော်ပြပါအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတို့တွင် သင်တန်းသားသစ်များ လျှောက်ထားနိုင်ပါသည် -

**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | (၁) အထက(၂) မိုးညှင်း | (၃) အထက-ဒုတ္တန် |
| | | (၂) အထက(၁)ဝိုင်းမော် | |
| ၂။ | ကယားပြည်နယ် | (၄) အထက-ချီကယ် | |
| ၃။ | ကရင်ပြည်နယ် | (၅) အထက-ဒုံရင်း | (၇) အထက(၂)မြဝတီ |
| | | (၆) အထက(၂)ကော့ကရိတ် | |
| ၄။ | ချင်းပြည်နယ် | (၈) အထက(၂) ဟားခါး | (၉) အထက(၁)တီးတိန် |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | (၁၀) အထက (၁)ရွှေဘို | (၁၂) အထက-အုန်းတော |
| | | (၁၁) အထက (၂) အလုံ | (၁၃) အထက(၁)ကလေး |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | (၁၄) အထက(၄)ထားဝယ် | (၁၆) အထက(၂)ကော့သောင်း |
| | | (၁၅) အထက-သမုတ် | (၁၇) အထက-အောက်လိပ် |
| ၇။ | ပဲခူးတိုင်းဒေသကြီး | (၁၈) အထက-အုန်းနဲ့ | (၂၁) အထက-အေးမြသာယာ |
| | | (၁၉) အထက-ညောင်ခြေထောက် | (၂၂) အထက-ရွှေတောင် |
| | | (၂၀) အထက-ပဲနွယ်ကုန်း | (၂၃) အထက-သဲကုန်း |
| ၈။ | မကွေးတိုင်းဒေသကြီး | (၂၄) အထက-စကု | (၂၇) အထက(၁)သရက် |
| | | (၂၅) အထက-ပြလို့ | (၂၈) အထက-ငွေးချို |
| | | (၂၆) အထက-မြေပြင်သာ | (၂၉) အထက(၃) ပခုက္ကူ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | (၃၀) အထက(၁)ပျော်ဘွယ် | (၃၅) အထက-ပလစ(၂)(အမရပူရ) |
| | | (၃၁) အထက(၆) မိတ္ထီလာ | (၃၆) အထက-တံတားဦး |
| | | (၃၂) အထက-လက်ပံပြား | (၃၇) အထက(၃)မြင်းခြံ |
| | | (၃၃) အထက-မြစ်သား | (၃၈) အထက(ခွဲ)လ-၁ (ပြင်ဦးလွင်) |
| | | (၃၄) အထက(၂၇) ပြည်ကြီးတံခွန် | |
| ၁၀။ | မွန်ပြည်နယ် | (၃၉) အထက-ဟံဂံ | (၄၁) အထက(၂) ကျိုက်ထို |
| | | (၄၀) အထက(၁)သထုံ | (၄၂) အထက-ရွာလွတ်(ချောင်းဆုံ) |
| ၁၁။ | ရခိုင်ပြည်နယ် | (၄၃) အထက(၁)စစ်တွေ | (၄၄) အထက(၃)ကျောက်ဖြူ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | (၄၅) အထက-စိုက်မွေး(တောင်ဒဂုံ) | (၅၁) အထက(၄) မင်္ဂလာဒုံ |
| | | (၄၆) အထက-သဝန်းတော | (၅၂) အထက-သုဝဏ္ဏ |
| | | (၄၇) အထက-ညောင်နှစ်ပင် | (၅၃) အထက(၂) သာကေတ |
| | | (၄၈) အထက-ငါးဆူတောင် | (၅၄) အထက-ဖားကူး (သန်လျင်) |
| | | (၄၉) အထက(၇) အင်းစိန် | (၅၅) အထက(၆)မြောက်ဥက္ကလာ |
| | | (၅၀) အထက-တိုက်ကြီး | |
| ၁၃။ | ရှမ်းပြည်နယ်(တောင်) | (၅၆) အထက(၁)အေးသာယာ | (၅၉) အထက(၇) အင်းခေါင်း |
| | | (၅၇) အထက(ခွဲ)လေတပ် (နမ့်စန်-တ) | (၆၀) အထက(၁)ပင်လုံ |
| | | (၅၈) အထက-ဝမ်ဟတ် | (၆၁) အထက-မိုင်းနောင် |
| ၁၄။ | ရှမ်းပြည်နယ်(မြောက်) | (၆၂) အထက(၁)လားရှိုး | (၆၃) အထက(၃)ကျောက်မဲ |
| ၁၅။ | ရှမ်းပြည်နယ်(ရှေ့) | (၆၄) အထက-ဝမ်အွယ် | (၆၇) အထက-နားကောင်းမူး (မိုင်းတုံ) |
| | | (၆၅) အထက-တပ်တွင်း (မိုင်းယောင်း) | (၆၈) အထက-မိုင်းကိုး |
| | | (၆၆) အထက(ခွဲ)(မိုင်းဆတ်) | |
| ၁၆။ | ဧရာဝတီတိုင်းဒေသကြီး | (၆၉) အထက(၁)ဒေးဒရဲ | (၇၃) အထက(၂)ကျုံပျော် |
| | | (၇၀) အထက-စကြော့ | (၇၄) အထက-နတ်မော် (ဟင်္သာတ) |
| | | (၇၁) အထက-ကန်ကြီးထောင့် | (၇၅) အထက-ဂုန်နီ |
| | | (၇၂) အထက-ချင်းမြောင် | (၇၆) အထက (၃)မိုင် (လပွတ္တာ) |
| ၁၇။ | နေပြည်တော် | (၇၇) အထက(၂၀)ပုဗ္ဗသီရိ | (၇၉) အထက-ပျံချီ |
| | | (၇၈) အထက(၁) ပျဉ်းမနား | (၈၀) အထက-MRTV(တပ်ကုန်း) |
| ၁၈။ | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | | |
| | ပအိုဝ့် | (၈၁) အထက(ခွဲ) ပေါင်လင်း | |
| | ဓနု | (၈၂) အထက-ကျုံး | |
| | နာဂ | (၈၃) အထက-နန်းယွန်း | (၈၄) အထက-လဟယ် |

၂။ လျှောက်ထားသူသည်

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏လက်တွေ့လုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

( ခ ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်၊

( ဂ ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်၊

(ဃ) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ Grade 10 အောင်မြင်သူများ(သို့မဟုတ်)ကျရှုံးသူများ(သို့မဟုတ်) ရပ်နားထားသူများဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် စာပိုဒ် ၂၊ (ခ)၊(ဂ)၊ (ဃ)ပါအစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/အစိုးရစက်မှုလက်မှုသိပ္ပံ(Farm Machinery) ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)တို့၏ ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက်လိုအပ်သည့် ပုံနှိပ်စာအုပ်များပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည် -

(က) စိုက်ပျိုးရေးသင်တန်း၊

( ခ ) မွေးမြူရေးသင်တန်း။

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ၂၀-၅-၂၀၂၆ ရက်မှစတင်ထုတ်ယူနိုင်ပြီး ၂၂-၅-၂၀၂၆ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန
## တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနတွင် မီးသတ်စက်ပစ္စည်းကိရိယာများ ဝယ်ယူခြင်းလုပ်ငန်းအတွက် ပြည်တွင်းကုမ္ပဏီများ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Lot(1) -

| | |
|---|---|
| Remote Manpack Therminal | ၁ စုံ |

Lot(2)

| | |
|---|---|
| – Cordless Concrete Demolition Hammer | ၉ ခု |
| – Demolition Hammer | ၉ ခု |
| – Cordless Reciprocation Saw | ၉ ခု |
| – Gas Detector x–am 2800 4Gas Detector | ၃ ခု |

Lot(3)

| | |
|---|---|
| – 25 HP High Pressure Fire Portable Pump | ၃ လုံး |
| – Fire Floating Pump | ၄ လုံး |
| – Emergency First Aid Bag | ၁၅ ခု |
| – Rescue Elbow Knee Pads | ၁၂၀ စုံ |

၂။ တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာစတင်ဝယ်ယူရန် - (၂၁-၅-၂၀၂၆)မှ (၄-၆-၂၀၂၆)အထိ

( ခ ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - (၁၁-၆-၂၀၂၆)

( ဂ ) တင်ဒါဖွင့်မည့်ရက် - (၁၈-၆-၂၀၂၆)

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး ဖုန်း(၀၅၉ ၂၃၈၇၁)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။


**ပျောက်ဆုံးကြောင်း**

အောင်မျိုးဝင်း(ဘ)ဦးတင်ဆိုင် ၉/ရမသ(နိုင်)၂၇၀၀၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဝင်းကိုကို(ဘ)ဦးသိန်းဝင်း ၁၄/ကခန(နိုင်)၀၆၇၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဝဏ္ဏမင်းခန့်(ဘ)ဦးသန်းလွင် ၁၂/တတန(နိုင်)၂၉၁၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 770836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

အိအိသိမ့်(ဘ)ဦးကိုနိုင်(ခ)ဝင်းနိုင် ၈/ဆပဝ(နိုင်)၁၂၂၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 737887)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**

နဒီဝင်းမင်း(ဘ)ဦးဝင်းမင်း ၉/ပဘန(နိုင်)၁၉၁၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်လိုအပ်သောရုံးသုံးစာရေးကိရိယာပစ္စည်း(၆၁)မျိုးနှင့် Marine Paint(9 Items–1–Lot) တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၄-၆-၂၀၂၆ ရက်နေ့(၁၃:၀၀)နာရီနောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၂-၆-၂၀၂၆)ရက်နေ့မှစ၍ (၁၉-၅-၂၀၂၆)ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၉-၂၅၀၂၈၄၁၂၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

SWEELOT HARMONY COMPANY LIMITED

**အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ မေလ၊ (၁၈)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ SWEELOT HARMONY COMPANY LIMITED အား (၁၈-၅-၂၀၂၆)ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင်(လက်မှတ်ရပြည်သူ့စာရင်းကိုင်)လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ(စဉ်-၁၀၉၅၀)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၇ ခုနှစ်၊ မေလ၊ (၁၇)ရက်နေ့ကိုနောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **Daw Yan Arr Shin** |
| **ဦးကျော့မောင်** | **Director** |
| **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ** | **Sweelot Harmony** |
| **(စဉ်-၁၀၉၅၀)** | **CO.,LTD.** |



**ပျောက်ဆုံးကြောင်း**

နန်းအိသန္တာယုအောင်(ဘ)ဦးမြစ်နီးယု ၁၂/တတန(နိုင်)၂၈၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဟိန်းလင်းနောင်(ဘ)ဦးညိမ်းမောင် ၁၂/ တကန(နိုင်)၁၂၉၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်း- ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
Black Tea
SHWE PHE OO
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ တောင်ကြီးတပ်နယ်နှင့် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား

## မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ တောင်ကြီးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

နေပြည်တော် မေ ၁၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းလုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့်စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် စာမျက်နှာ ၁၆ ကော်လံ ၁ ☆

---

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ် စာ - ၂၇ သို့

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ စာ - ၂၆ သို့

ကမ္ဘာ့ဗလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ ပိုက်ကျော်ခြင်းအသင်း သုံးယောက်တွဲပြိုင်ပွဲ၌ ဒုတိယ၊ လေးယောက်တွဲပြိုင်ပွဲ၌ တတိယရရှိ စာ - ၇ သို့

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် စာ - ၅ သို့

နိုင်ငံတကာဆောင်းပါး

ဘယ်လိုမှဖျက်ဆီးလို့မရမယ့် ရုရှားနဲ့ တရုတ်ရဲ့ မဟာမိတ်ကျောက်တိုင် စာ - ၂၃ သို့